မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)၌ စိုက်ပျိုးထားသည့် ဆင်းရတနာ အထွက်တိုးမျိုးစပါးများ ရိတ်သိမ်းမှု

ဒုတိယဝိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်(၁) အကွက်အမှတ်(၁)၌ စိုက်ပျိုးထားသည့် ဆင်းရတနာ အထွက်တိုးမျိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေသည်ကို ကြည့်ရှုအားပေးပြီး ရှင်းလင်းဆောင်၌ ပြသထားသည့် ဆင်းရတနာစပါးမျိုး စပါးနှံ၊ စပါးစေ့နှင့် စံနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ စာမျက်နှာ ၃ ကော်လံ ၁ ✻

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ဧကအများဆုံး စိုက်ပျိုးရေ ပေးဝေနေသော ဘောနီရေလှောင်တမံကြီးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပဲခူးတိုင်းအတွက် အားကောင်းမောင်းသန် ဘောနီရေလှောင်တမံ

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာအနီး တောင်သူဦးကျော်ဇော၏ လယ်မြေအတွင်း ဝင်းမှည့်နေသော စပါးသီးနှံတို့က ဤသို့ ဖြိုးဝေလျက်....။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် - ပိန်းဇလုပ်သိန်းညွန့်

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက် (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ချမှတ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်မည် ဖြစ်ပေသည်။

တည်ဆောက်

ပြည်နယ်၊ တိုင်း ဒေသအသီးသီးတွင် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး၊ စိုက်ပျိုးမြေများ စာမျက်နှာ ၁၁ ကော်လံ ၁ ●

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၁၀ ရက်)

ဘေးအန္တရာယ်ကင်းရှင်းသော ကျန်းမာရေးစောင့်ရှောက်မှု အသင့်ရှိရေး နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းပါဝင်

ကမ္ဘာ့ပြည်သူများ၏ကျန်းမာရေးကို ပြည့်စုံကောင်းမွန်လာစေရေး ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၄၈ခုနှစ် ဧပြီ ၇ ရက်နေ့တွင် အဖွဲ့ဝင် ၂၆ နိုင်ငံဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် လူသားတိုင်း ကျန်းမာရေးအဆင့်အတန်းကို မြင့်မားနိုင်သမျှ အမြင့်မားဆုံး ရရှိခံစားနိုင်ရေးဆိုသည့် အဓိကရည်မှန်းချက်အတွက် ကြိုးပမ်းရာ၌ ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပမှုသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်အဖြစ် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ၌ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နိုင်ငံသားများသည် အဓိကကျသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများအဖြစ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံသားတိုင်း သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်ကို ခိုင်မာတိကျစွာ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယနေ့ကမ္ဘာတွင် ငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ အပူလှိုင်းများ၊ အအေးလှိုင်းများ ကျရောက်ခြင်း စသည့် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ကြုံတွေ့ခံစားနေကြပေရာ မြန်မာနိုင်ငံသည်လည်း ၂၀၀၈ခုနှစ် မေ ၂ရက်က ကြီးမားပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသများတွင် တွေ့ကြုံခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။

နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ စေတနာရှင်များ၏ ဆေးဝါးအထောက်အကူပစ္စည်းများ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီမှုကြောင့် မုန်တိုင်းသင့်ပြည်သူများ ဘဝသစ်ပြန်လည်ထူထောင်နိုင်ရေးတွင် လုံလောက်သည့် ကျန်းမာရေး အခြေအနေ ရရှိနိုင်ရေး၊ ကူးစက်ရောဂါနှင့်ကပ်ရောဂါများ ကျရောက်မှုမရှိရေးအတွက် ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခဲ့ပေသည်။

သို့ဖြစ်ပေရာ ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန် ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ"ဟူသော ဆောင်ပုဒ်နှင့်အညီ အရေးပေါ်အခြေအနေများ ကြုံကြိုက်ချိန်တွင် ပြည်သူများ၏အသက်များကို ကယ်တင်နိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော ကျန်းမာရေးစောင့်ရှောက်မှုများ အသင့်ရှိရေးကို နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသား ပြည်သူများက အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းလက်တွဲပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဒုက္ခသိမှုနိဗ္ဗာန်ရ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀ ထူးထွေဆန်းပြား အနုပညာကျွမ်းဘား
၈:၁၅-၂:၁၅ Yangon Panorama (ပေါ့ပေါ့ပါးပါး သင်္ကြန်စီးရီးဖျော်ဖြေပွဲ)
၈:၃၀-၂:၃၀ Activities in the City (ရန်ကုန်တက္ကသိုလ် ရက္ခဗေဒဘွဲ့ရများ၏ မြတ်ဆရာပူဇော်ပွဲ)
၈:၄၅-၂:၄၅ ခါသင်္ကြန်အဆိုအက
၈:၅၅-၂:၅၅ ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ မျိုးသန့်စိုက်ပျိုး အထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၀:၀၀-၄:၀၀ ခါသင်္ကြန်အဆိုအက
၁၀:၁၀-၄:၁၀ မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၃၅-၄:၃၅ ခါသင်္ကြန်အဆိုအက
၁၀:၄၅-၄:၄၅ Promotion သင်္ကြန်ယုဇနပလာဇာ
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ Myanmar Master 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ (အပိုင်း-၁)
၁၁:၂၀-၅:၂၀ Music Gallery (သင်္ကြန်တေးလက်ဆောင်)
၁၁:၄၀-၅:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅ ခါသင်္ကြန်အဆိုအက
၁၁:၅၅-၅:၅၅ အမြတ်မင်းဂေါ်လီ (တေးစီးရီးစာနယ်ဇင်းရှင်းလင်းပွဲ)
၁၂:၁၅-၆:၁၅ Hotel Guide (Bay of Bengal Resort, Ngwe Saung)
၁၂:၅၀-၆:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ မြန်မာသင်္ကြန်

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မြန်မာသင်္ကြန်
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ မြန်မာသင်္ကြန်
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသော သီချင်းများ (Living Songs)
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၂)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရုံးအဖွဲ့မှူးက နိုင်ငံတော်အစိုးရအဖွဲ့ရုံးအစည်းအဝေးများမှ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် ကောက်နုတ်ချက်များကို ရှင်းလင်းဖတ်ကြားသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဌာနအလိုက်ညွှန်ကြားရေးမှူးများနှင့် နယ်ရုံးခွဲတာဝန်ခံအရာရှိများက ၂၀၀၈ခုနှစ် တတိယလေးလပတ်ကာလအတွင်း ရည်မှန်းချက်တာဝန်များအပေါ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသည်။

လုပ်ငန်းဆောင်ရွက်

ယင်းနောက် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ရုံးဌာနအလိုက် လုပ်ငန်းတာဝန်ခံများက မိမိတို့လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေး တင်ပြသည်။

ပြန်လည်သုံးသပ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဝန်ကြီးရုံး၊ ဦးစီးနှင့် လုပ်ငန်းဌာနများမှ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးတင်ပြပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

အစည်းအဝေးအပြီးတွင် ဝန်ကြီးက ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်ရည်ဆုများရရှိကြသော စီမံထူးချွန်တတိယဆင့်ရရှိသည့် ဝန်ထမ်းနှစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရသော ဝန်ထမ်း ၃၄ဦးတို့အတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိန်းဇလုပ်တိုက်နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်နှင့် အုတ်တံတိုင်းကာရံရေး အလှူငွေပေးအပ်

ပိန်းဇလုပ် ဧပြီ ၉

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်တိုက်နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်နှင့် ဆေးရုံအုတ်တံတိုင်းကာရံနိုင်ရေး အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ဧပြီ ၇ရက် နံနက်ပိုင်းက ပိန်းဇလုပ်မြို့ စိန်ဆေးလိပ်ခုံ၌ ကျင်းပသည်။

တက်ရောက်

ပေးအပ်လှူဒါန်းပွဲသို့ ပိန်းဇလုပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမင်းဇော်ထွန်း၊ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာဒေါ်သင်းသင်းအိ၊ ဆေးရုံကြီးကြပ်ရေးကော်မတီ ဦးရိုက်ငွန်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသိန်းညွှန့်တို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆရာဦးတင်အောင်(အထပြ-ငြိမ်း)အား ရည်စူး၍ ဆေးရုံငွေပဒေသာပင် ကျပ်၁၀သိန်းနှင့် ဆေးရုံအုတ်တံတိုင်း ဝင်းခြံကာရံနိုင်ရေးအတွက် အလှူငွေကျပ် ၅၆၂၅၀၀ ကို အလှူရှင်စိန်ဆေးလိပ်ခုံမိသားစုက ပေးအပ်လှူဒါန်းကြရာ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာဒေါ်သင်းသင်းအိက လက်ခံယူကြောင်း သိရသည်။ **(ယာပုံ)** (ဝ၆၅)

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဧပြီ ၉

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၆)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် မွန်အဘိုးအဘွားများအား ရိုးရာအစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော မွန်ကျောင်းသား ကျောင်းသူများအား (၆)ကြိမ်မြောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယခုလာမည့် ၁၃၇၁ခုနှစ် နှစ်ဆန်းတစ်ရက်နေ့(သောကြာနေ့) နံနက် ၉နာရီတွင် အမှတ် ၁၅၉ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

နှစ်ဆန်းတစ်ရက်နေ့တွင် နံနက် ၇နာရီမှစ၍ ကြွရောက်လာသော ဧည့်ပရိသတ်များအား မွန်ရိုးရာသင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မွန်ကျောင်းသားကျောင်းသူနှင့် အသက်(၇၅)နှစ်နှင့်အထက် မွန်သက်ကြီးများ စာရင်းပေးသွင်းနိုင်ရန်နှင့် အလှူငွေထည့်ဝင်လိုသူများ အနေဖြင့် နိုင်မင်းသောင်းသျှင် ဥက္ကဋ္ဌ ဖုန်း-၄၀၀၃၄၆၊ ၇၁၀၅၄၂၊ နိုင်မောင်ရွှေ ဒုတိယဥက္ကဋ္ဌ ဖုန်း-၇၂၅၀၅၈၊ မွန်ဓမ္မာရုံ ဖုန်း-၃၇၅၅၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

10-4 (02).pmd 1 4/10/2009, 3:00 AM

✱ ရှေ့ဖုံးမှ

စက်မှုလယ်ယာသို့ ရောက်ရှိပြီး မော်ဘီမွေး စပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက မိမိတို့လုပ်ငန်း ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ မော်ဘီမွေးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ထုတ်ယူနိုင်မည့် နည်းလမ်းများကို စတင်အသုံးပြုရန် စီစဉ်နေပြီဖြစ်ရာ မကုန်ခန်းနိုင်သော ဟိုက်ဒရိုဂျင် စွမ်းအင်ကို ရယူနိုင်မည်ဟု ဆိုသည်။

အစားထိုး

အစားထိုးစွမ်းအင်များ ထုတ်ယူရာတွင် လူတို့၏ လုပ်ဆောင်မှုဖြင့် ရယူနိုင်သော နည်းလမ်းများစွာရှိရာ ကုန်ကျစရိတ်များမှာ ထိုက်သင့်သော ငွေကြေးသုံးစွဲမှုများရှိသည်။ အချို့သော အစားထိုးစွမ်းအင် ထုတ်ယူမှုများမှာ ငွေကုန်ကျမှုများပြားသည်။

ထပ်မံဖြည့်ဆည်းရမည်

ပင်လယ်သမုဒ္ဒရာရေများနှင့် မြစ်ချောင်းအင်းအိုင်များမှ ရေများတွင် နေအလင်းတန်းများကြောင့် ထွက်ရှိမည့် ဟိုက်ဒရိုဂျင်များကို စုဆောင်းရယူရေးအတွက် ကိုမူ စီစဉ်ဆောင်ရွက်ရမည့် နည်းစနစ်များ ထပ်မံ ဖြည့်ဆည်းရမည်ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာရေများမှ ဟိုက်ဒရိုဂျင် ထုတ်ယူရာတွင် ရေထုအတွင်းရှိနေသော ဓာတ်များက အစားထိုး ဟိုက်ဒရိုဂျင်များအဖြစ် ထပ်မံထွက်ပေါ်လာမည်ဖြစ်ရာ ရေထုအတွင်း ဟိုက်ဒရိုဂျင်ပါဝင်မှု ပမာဏထူးခြားသော ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း သိရသည်။

ပြောင်းလဲအသုံးပြု

ဟိုက်ဒရိုဂျင်စွမ်းအင်ကို မော်တော်ယာဉ်များ၌ စက်သုံးဆီအစားထိုး စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုနေပြီဖြစ်ရာ ဟိုက်ဒရိုဂျင်လိုအပ်ချက် တဖြည်းဖြည်းများပြားလာမည်ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေသည့် အစားထိုးစွမ်းအင်အဖြစ် အသုံးပြုနိုင်သည့် ဟိုက်ဒရိုဂျင်ကို ကုန်ကျစရိတ် အသက်သာဆုံးနှင့် သဘာဝတရား၏ စွမ်းအားဖြင့် ထုတ်ယူနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ဗြိတိသျှ သုတေသနပညာရှင် ပါမောက္ခ ဒေးဗစ်မီလ်စတန်းက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၀၉ ရက်

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀	၂။ နံနက်ခင်းသတင်း
၇:၄၀	၃။ ရိုးရာကျေးလက်ကစားနည်း
၇:၅၅	၄။ အကပြိုင်ပွဲ
၈:၀၅	၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅	၆။ ခါသကြီန်အဆိုအကများ
၈:၃၀	၇။ International News
၈:၄၅	၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၉:၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။ အတီးပြိုင်ပွဲ
၄:၂၀	၃။ နှောင်းခေတ်တေးပဒေသာ
၄:၃၀	၄။ မြန်မာစာမြန်မာစကား
၄:၄၀	၅။ ခါသကြီန်အဆိုအကများ
၄:၅၅	၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၅:၁၀	၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀	၈။ တေးဂီတအစီအစဉ်
၅:၃၅	၉။ လှိုင်ကော်မြို့ရဲ့ကျက်သရေ ဆောင် နည်းပညာတက္ကသိုလ် ပင်မဆောင်
၅:၄၅	၁၀။ ခါသကြီန်အဆိုအကများ
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၃၀	၁၂။ မိုးလေဝသအခြေအနေ
၆:၃၅	၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၂)
၈:၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၁၅)
	၁၉။ အစီအစဉ်ပြီး၏။

လူတိုင်း ကျန်းမာရေးအတွက် စုပေါင်းဆောင်ရွက်သင့်

ပါမောက္ခဒေါက်တာခင်မောင်ဝင်း

ကျန်းမာရေးသတင်းမှတ်စု-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဧပြီ ၉

လူတိုင်း သက်ရှည်ကျန်းမာစွာ နေထိုင်လိုကြသည်ဖြစ်ရာ လူတို့ကျန်းမာရေးအတွက် ဗဟုသုတများရရှိစေရန် အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းက ပူးပေါင်းကျင်းပသည့် ဟောပြောပွဲ၌ အောက်ပါအချက်များကို ဟောပြောဆွေးနွေးခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်

"ကမ္ဘာ့နိုင်ငံအသီးသီးမှာ သစ်တောတွေ မီးရှို့မှုကြောင့် မီးခိုးတွေထွက်ရှိမှု တစ်နေ့တခြား များပြားလာသလို စက်ရုံအလုပ်ရုံတွေ တိုးချဲ့တည်ဆောက်မှု၊ မော်တော်ယာဉ်သုံးစွဲမှု၊ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထွက်မှုတွေ တစ်နေ့တခြား များလာတယ်။ အဲဒီတော့ ကမ္ဘာ့ပြည်သူတွေ ရှူရှိုက်ရတဲ့လေက မသန့်ရှင်းတော့ဘူး။ ဒီလို ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ နေ့စဉ်နဲ့အမျှ ရှူရှိုက်နေရတော့ ကင်ဆာရောဂါတွေဖြစ်ပွားလာတာပေါ့....။ ဒီလို မဖြစ်ပွားအောင် အားလုံးစုပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေ လုပ်ကြရမယ်။ သစ်တောသစ်ပင်တွေ မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမယ်။

နောက်ပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေ လျှော့ချကြရမယ်၊ ဒါဟာ တစ်ဦးတစ်ယောက်တည်းက လုပ်ဆောင်လို့မရဘူး၊ အားလုံးက စုပေါင်းပြီး လက်တွဲဆောင်ရွက်ကြရမယ့်ကိစ္စပါ၊ ဒါမှ လေထုအတွင်းက ပါဝင်လာတဲ့ အဆိပ်အတောက်ဓာတ်ငွေ့တွေ အန္တရာယ်က ကင်းဝေးသွားပြီး ကျန်းမာရေးကောင်းမွန်အောင် အထောက်အကူပြုမှာပါ"ဟု ပြောကြားသည်။

သဘာဝအရင်းအမြစ်

သစ်တောသစ်ပင်များသည် လေထုတွင်းပါဝင်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပေးနိုင်သည့် သဘာဝအရင်းအမြစ်များဖြစ်သည်။

ထို့အပြင် "ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ အတွဲလိုက်တည်ရှိနေတဲ့ အီလက်ထရွန် စုံတွဲလေးတွေရှိတယ်။ အဲဒီ အီလက်ထရွန် စုံတွဲလေးတွေဟာ ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရတဲ့အခါ အတွဲပြုတ်သွားပြီး လွတ်လပ်တဲ့ ဖရီးရက်ဒီကယ်လေးတွေ ဖြစ်သွားတယ်။ အဲဒီ ဖရီးရက်ဒီကယ်လေးတွေဟာ နောက်ထပ်အတွဲရရှိဖို့ အနီးဝန်းကျင်မှာ လိုက်လံတိုက်ခိုက်တာပေါ့။ တခြားအီလက်ထရွန်စုံတွဲတွေကို တိုက်ခိုက်တဲ့အတွက် ပျက်စီးမှုတွေ ဖြစ်ပေါ်လာတယ်။ အဲဒီလို ခန္ဓာကိုယ်ထဲမှာ တိုက်ခိုက်ခံရလို့ ပျက်စီးသွားတဲ့ အီလက်ထရွန်တွေဟာ ခန္ဓာကိုယ်ထဲ တဖြည်းဖြည်းများလာတဲ့အခါ ခန္ဓာကိုယ်ကြီးဟာ မိမိကိုယ်တိုင် ဘာမှမသိ လိုက်ဘဲ အမှိုက်သယ်တဲ့ မော်တော်ယာဉ်ကြီးလို ဖြစ်လာတာပေါ့....။ ပျက်စီးနေတဲ့ အီလက်ထရွန်တွေ များလာတဲ့အခါ ငယ်ငယ် ရွယ်ရွယ်နဲ့ ဆံပင်ဖြူတာတို့၊ အိုစာသွားတာတို့၊ ကျန်းမာရေး ချို့ယွင်းသွားတာတို့ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် အဲဒီလိုတွေ နေ့စဉ်ဖြစ်ပေါ်နေတဲ့အတွက် ပျက်စီးသွားတဲ့အရာတွေကို ရှင်းလင်းသွားအောင် ကိုယ်လက်လှုပ်ရှားမှု၊ အင်ဒီအောက်ဆီဒင့် (ဓာတ်တိုးပစ္စည်းဆန့်ကျင်မှု) ဖြစ်စေတဲ့ တစ်နည်းအားဖြင့် အဲဒီအမှိုက်တွေကို ရှင်းပစ်တဲ့ဆေးဝါးတွေ သောက်သုံးပေးဖို့ လိုအပ်လာတာပေါ့....။ ဒါတွေကို သိရှိနားလည်ပြီး လက်တွေ့လုပ်ဆောင်ကြရင် နုပျိုကျန်းမာပြီး အသက်ရှည်စေနိုင်မှာဖြစ်ပါတယ်"ဟု အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ကျန်းမာရေး အသိပညာပေး ဆွေးနွေးသွားခဲ့ပါကြောင်း သတင်းမှတ်စု ဖော်ပြလိုက်ရပါသည်။ ။ *(မြန်မာ့အလင်း)*

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့ယဉ်ကျေးမှုသကြီန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြီန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂဏ်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင်(၁)နှစ်

၂။ ကစားသူ - ထောင်(၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ် နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

စက်သုံးဆီ အရောင်းဆိုင်များ သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များ မဟာသကြီန်ရက်များတွင် ဖွင့်လှစ်ရောင်းချမည်

ရန်ကုန် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များကို မဟာသကြီန် ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တိုက်ကြီးမြို့နယ်တွင် ဖွင့်လှစ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာ၌ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်ဖော်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၁၄ပေ၊ အနံ ၁၄ပေ၊ သွပ်မိုးထရံကာ အဆောက်အအုံဖြစ်ကြောင်းနှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှု ငွေကျပ် ၈၅၀၀၀၀ ဖြင့် ဆောက်လုပ်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယခုနှစ်ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်းဧက ၉၄၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၉

မတ် ၂၇ရက်မှ ဧပြီ ၃ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ၊ မိုင်းတုံမြို့နယ်နှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၇၉ ဒသမ ၆ ဧက (၃၂ ဒသမ ၂၁ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၉၄၂၅ ဒသမ ၃၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဂျီအမ်ကားထုတ်လုပ်ရေးမှ အသစ်တီထွင် ထုတ်လုပ်လိုက်သော နှစ်ဘီးတပ်လျှပ်စစ်ယာဉ်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကျူးဘားသမ္မတ ရောလ်ကက်စထရို အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး

ဟာဗားနား ဧပြီ ၉

ကျူးဘားသမ္မတရောလ်ကက်စထရိုသည် လွန်ခဲ့သည့်နှစ်က သမ္မတရာထူးရရှိခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဧပြီ၆ရက်တွင် တွေ့ဆုံဆွေးနွေးကြရာ အမေရိကန်-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေး ပြေပြစ်လာမည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လာရောက်ခဲ့

ရောလ်ကက်စထရိုက အမေရိကန်အောက်လွှတ်တော်မှ ဒီမိုကရက်လူမည်း အမတ်ခြောက်ဦးတို့ကို လက်ခံတွေ့ဆုံခဲ့သည်။ ၎င်းအမတ်များက အမေရိကန်-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ဖြစ်စေမည့်နည်းလမ်းများကို စူးစမ်းရှာဖွေရန် ကျူးဘားသို့ လွန်ခဲ့သည့် သီတင်းပတ်က လာရောက်ခဲ့ကြသည်။

ထုတ်လွှင့်ပြသ

ရောလ်ကက်စထရိုက အမေရိကန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနေပုံကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသော်လည်း ဆွေးနွေးမှုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်းမှု မရှိချေ။

ကိုယ်စားလှယ်အုပ်စုက သမ္မတအိုဘားမားထံမှ သဝဏ်လွှာကို ယူဆောင်လာခြင်းမရှိခဲ့ကြောင်း၊ သို့ရာတွင် ကျူးဘားပြည်သူလူထု၏စကားနားထောင်ပြီး ဆွေးနွေးရန်လာခဲ့ကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဘာဘာရာလီက ပြောကြားသည်။ ရောလ်ကက်စထရိုသည် နာမကျန်းဖြစ်သည့် အစ်ကိုဖြစ်သူ သမ္မတဟောင်း ဖီဒယ်လ်ကက်စထရိုထံမှ သမ္မတရာထူးကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလက ဆက်ခံခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဆေးကုသမှုခံယူ

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးရုံ၌ဆေးကုသမှု ခံယူလျက်ရှိသည်ကို ဧပြီ ၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာကာသကိုငြိမ်းချမ်းစွာအသုံးပြုခွင့် နိုင်ငံတိုင်း၌အခွင့်အရေးရှိ မြောက်ကိုရီးယားကိုမှ ခွင့်မပြုခြင်းမှာ တရားမျှတမှုမရှိဟုဆို

ဂျီနီဗာ ဧပြီ ၉

ငြိမ်းချမ်းရေးရည်ရွယ်ချက်ဖြင့် အာကာသဟင်းလင်းပြင်ကို အသုံးပြုရန် နိုင်ငံတိုင်းတွင် အခွင့်အရေးရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယား အမြဲတမ်းကိုယ်စားလှယ် ပတ်တိုဟန်က ကုလသမဂ္ဂဌာနချုပ်တွင် ဧပြီ ၇ရက်က ပြောကြားလိုက်သည်။

ဧပြီ ၅ရက်က မြောက်ကိုရီးယား အနေဖြင့် အာကာသသို့ ဂြိုဟ်တုလွှတ်တင်ပြီးနောက် အထက်ပါအတိုင်း ၎င်း၏ ရပ်တည်ချက်သဘောထားကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ထုတ်လွှင့်ပြသ

အာကာသဟင်းလင်းပြင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးမှာ နိုင်ငံတိုင်း၏ မွေးရာပါ အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အကြိမ်ပေါင်းရာနှင့်ချီ၍ ဂြိုဟ်တုများ လွှတ်တင်ပြီးဖြစ်သော နိုင်ငံအများအပြားကို မည်သို့မျှ မကန့်ကွက် မဝေဖန်ပါဘဲ မိမိတို့နိုင်ငံကိုမှ ခွင့်မပြုနိုင်ခြင်းမှာ တရားမျှတမှုရှိပါသလော စသဖြင့် မြောက်ကိုရီးယား၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြားဖြတ်ဟန့်တားဒုံးကျည် အစ္စရေး အောင်မြင်စွာ ပစ်လွှတ်

ဂျေရုဆလမ် ဧပြီ ၉

အစ္စရေးက အဲရိုး-IIအမည်ရှိ ကြားဖြတ်ဟန့်တားဒုံးကျည်တစ်စင်းကို ဧပြီ၇ရက် က စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းစနစ်သည် အီရန်နှင့် ဆီးရီးယားတို့က တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ပစ်ခတ်နိုင်သည့် အန္တရာယ်ကို ကာကွယ်ရန်ဖြစ်ကြောင်း အဆိုပါစမ်းသပ်မှုမှာ အောင်မြင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဟန့်တားနိုင်

ကာကွယ်ရေးဝန်ကြီးဌာနက အီရန်ရှီဟာက်ဒုံးကျည်တစ်စင်းကို အစ္စရေးလေယာဉ်မှ မြေထဲပင်လယ်ဒေသသို့ ပစ်လွှတ်ခဲ့ရာ ဖော်ပြပါ အဲရိုးဒုံးကျည်က ပစ်မှတ်မထိစေရန် ဟန့်တားနိုင်ခဲ့သည်ဟု အဆိုပါဌာနက ဖော်ပြသည်။

အဲရိုးဒုံးကျည်စမ်းသပ်မှုသည် ၁၆ကြိမ်မြောက်ဖြစ်ပြီး စမ်းသပ်သမျှ၏ ၉၀ရာခိုင်နှုန်းအောင်မြင်သည်ဟု အဆိုပါဌာနက ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ်တွင် ဧပြီ ၆ရက် က ဖြစ်ပွားသော တိုက်ပွဲတစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲ စတင်ကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၄၂၆၆ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆွစ်ဇာလန်နိုင်ငံ အီရိုလိုမြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိရာ ရှင်းလင်းရေးလုပ်ငန်း လုပ်ဆောင်နေသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ ဆက်သွယ်ရေးအုပ်စု အာဖရိကသမဂ္ဂ ထူထောင်လို

အဒစ်အဘာဘာ ဧပြီ ၉

မာဒါဂါစကာနိုင်ငံ၌ အခြေခံဥပဒေပြန်လည်စိုးမိုးနိုင်စေရန်အတွက် တွန်းအားပေးဆောင်ရွက်ရာတွင် နိုင်ငံများက ဒေသတစ်ခုရရှိစေရန် အာမခံသည့်အနေဖြင့် နိုင်ငံတကာဆက်သွယ်ရေးအုပ်စုတစ်စု ဖွဲ့စည်းလိုကြောင်း အာဖရိကသမဂ္ဂက မတ် ၇ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သည့် ညီလာခံတွင် မာဒါဂါစကာအသွင်ကူးပြောင်းရေးအုပ်စုက သဘောတူညီထားသည့် ရွေးကောက်ပွဲအစီအစဉ်ကို ၅၃နိုင်ငံပါဝင်သည့်အဖွဲ့က ထောက်ခံမှုမရှိဟု အာဖရိကသမဂ္ဂ၏ ထိပ်တန်းသံတမန် ရှောင်ပင်က ပြောကြားသည်။

ရွေးကောက်ပွဲဥပဒေ ပြန်လည်ပြင်ဆင်ပြီး အခြေခံဥပဒေပြောင်းလဲမှုကဲ့သို့သော အစီအစဉ်များ ယခုနှစ်အတွင်း ဖော်ဆောင်ပြီးသည့်နောက် သမ္မတရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ် အောက်တိုဘာလအတွင်း ကျင်းပရန် အထက်ပါညီလာခံက သဘောတူညီခဲ့သည်။

လာရောက်ခဲ့

သမ္မတဟောင်းမာ့က်ရာဗာလိုမာနာနာ၏ ပါတီက ဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်ကို သပိတ်မှောက်သည်။ ယင်းဆွေးနွေးပွဲသို့ မာဒါဂါစကာခေါင်းဆောင်သစ် အင်ဒရီရာဂျိုးလီနာအား ထောက်ခံသူများ၊ စစ်ဘက်ခေါင်းဆောင်များနှင့် အစိုးရဌာနမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

အီတလီတွင် ငလျင်လှုပ်ခဲ့မှု သေဆုံးသူဦးရေ ၂၅၀အထိရှိလာ

ရောမ ဧပြီ ၉

အီတလီနိုင်ငံအလယ်ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခဲ့ရာ သေဆုံးသူဦးရေသည် ဧပြီ ၆ရက်တွင် ၂၅၀အထိ ရောက်ရှိလာခဲ့ပြီး ၁၅ ဦးမှာ ယခုထက်တိုင် ပျောက်ဆုံးလျက်ရှိကြောင်း အီတလီဝန်ကြီးချုပ် ဆီဗီယိုဘာလူစကိုနီက ဧပြီ ၇ရက်တွင် ပြောကြားသည်။

ပြောကြား

ယင်းငလျင်ဒဏ်ကြောင့် လူ ၁၅၀၀ ဒဏ်ရာရရှိပြီး လူ ၁၀၀၀၀၀အခြေအနေသည် ဆိုးရွားလျက်ရှိသည်ဟု ဘာလူစကိုနီက ငလျင်ဒဏ်ခံခဲ့ရသည့် ဗဟိုချက်မဒေသ အယ်လ်အကွီလာ၌ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းအင်အားပြင်း ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်များ ဧပြီ ၇ရက်က ထပ်မံလှုပ်ခဲ့သဖြင့် မြို့နေလူထုနှင့်အနီးအနားရှိ မြို့များမှ ပြည်သူများ ထိတ်လန့်နေကြကြောင်း အီတလီသတင်းဌာန အန်ဆာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အယ်လ်မာလစ်ဖ်အရပ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ကဘူးလ် ဧပြီ ၉

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တွင် ဧပြီ ၉ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ပြည်နယ်မြို့တော် လာရှကာဂါဟာ၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ခမာလူဒင်ခန်က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

မည်သည့်အဖွဲ့အစည်းက အသေခံ ဗုံးခွဲတိုက်ခိုက်သည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ယခုနှစ်အတွင်း တာလီဘန်အကြမ်းဖက်အဖွဲ့များက အသေခံ ဗုံးခွဲတိုက်ခိုက်မှုနှင့် ကားဗုံးခွဲတိုက်ခိုက်မှုများကို ဆက်တိုက် လုပ်ဆောင်လာခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ရန်ကုန်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ၂၀၀၉ကို ဧပြီ ၇ရက် မွန်းလွဲ ၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားတင်ပြသည်။

ဆုပေးအပ်

ဆက်လက်၍ တိုင်းမှူးက တိုင်းလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်သည့်ဆေးရုံရှိသောမြို့နယ်များအုပ်စုမှမြို့နယ်များကို ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ယင်းနောက် တိုင်းမှူး၏ဇနီးက တိုင်းလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်သည့်မြို့နယ်များအား ဆုများပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းတက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

မွန်ပြည်နယ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏သဝဏ်လွှာကို မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဉာဏ်ဇော်က ဖတ်ကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေး၍ မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ပတ်ဝန်းကျင်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များစုပေါင်းပြီး သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မီးသတ်စခန်းတွင် အသစ်ဆောက်လုပ်နေသော မီးသတ်စခန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မီးသတ်)

ညောင်တုန်းမြို့နယ်စည်ပင် လမ်းဖောက်လုပ်ပေး

ညောင်တုန်း ဧပြီ ၉

ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာမှ ယခင်ကအောက်အင်းလေးအရပ်ဟု နာမည်ကျော်ကြားခဲ့ပြီး လှေ၊ ပဲ့ထောင်များဖြင့် သွားလာနိုင်ခဲ့သော်လည်း ယခုအခါ ရေတံခါးများ တပ်ဆင်ပြီး ညောင်တုန်းကျွန်း ဖော်ထုတ်ရေးစီမံကိန်းအရ ဆောင်ရွက်ခဲ့မှုကြောင့် ကုန်းပိုင်းများ ပေါ်ထွက်လာပြီး မော်တော်ကားလမ်းများ ဆက်သွယ်သွားလာနိုင်သော ဒေသဖြစ်လာသဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် မတ်၂၀ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြေသားလမ်းသစ် ဖောက်လုပ်ပေးမှုကို ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၁၅၂)

ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် မြောက်ဥက္ကလာမီးသတ်စခန်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မီးသတ်စခန်းသို့ ရောက်ရှိ၍ အသစ်ဆောက်လုပ်နေသော လေးယူနစ် နှစ်ထပ်သံကူကွန်ကရစ် မီးသတ်စခန်း ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ မီးသတ်ယာဉ်/စက်များ ကွံ့ခိုင်ကောင်းမွန်စေရေးနှင့် တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် မီးသတ်စခန်းသို့သွားရောက်၍ ငါးယူနစ် နှစ်ထပ်သံကူကွန်ကရစ် မီးသတ်စခန်း အသစ်နှင့် ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်းအသစ် ပြန်လည်တည်ဆောက်နိုင်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်မဲမြို့၌ စက်မှု(၁) အထူးဈေးရောင်းပွဲတော်ဖွင့်

ရန်ကုန် ဧပြီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၃၁ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစန်းယုနိုင်၊ ပုသိမ်မှန်စက်ရုံမှ ဒုတိယစက်ရုံမှူး ဦးလှလှဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရောင်းချ

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို မတ် ၃၁ရက်မှ ဧပြီ ၆ရက်အထိ ရောင်းချသွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်၌ စပါးစံပြကွက် ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့နယ် ကျွန်းခယ်မကျေးရွာအုပ်စု အထက်ကြံ့လတာကျေးရွာရှိ လယ်သမား ဦးမြင့်သိန်း၏ လယ်မြေတစ်ဧက၌ ဧပြီ ၄ရက် နံနက်ပိုင်းက စူပရင်း ကုမ္ပဏီများအုပ်စုမှ သြစတြေးလျနည်းပညာ စံနှုန်းအရ ထုတ်လုပ်သည့် ဘိုင်အိုစူပရင်းဇီဝမြေသြဇာကို နွေစပါးသီးထပ်ရင် စပါးမျိုးတွင်မြေခံအဖြစ် ဘိုင်အိုစူပရင်းသုံးအိတ်၊ တီစူပါ တစ်အိတ် အသုံးပြုပြီး အပင်ပွားချိန်၌ ယူရီးယား သုံးပုံနှစ်ပုံ အိတ်ထည့်သွင်းကာ မို့ကပ်ချိန်တွင် ယူရီးယားတစ်အိတ်ထည့်၍ စိုက်ပျိုးခဲ့သော စပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မြေစာရင်းတို့မှ တာဝန်ရှိသူများ၊ စူပရင်းကုမ္ပဏီများအုပ်စု ကုမ္ပဏီရုံးချုပ်မှ စိုက်ပျိုးရေးနည်းပညာနှင့်ထုတ်လုပ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ မြို့နယ် ဆန်စက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌနှင့် မြို့ပေါ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက် ကြည့်ရှုလေ့လာကြသည်။

စံကွက်ရိတ်သိမ်းပြီးနောက် ခြွေစက်နှင့်ခြွေလှေ့ရာ တစ်ဧကအထွက်နှုန်း ၁၂၀ ဒသမ၅တင်းထွက်ရှိပြီး ကတ္တားဖြင့်ချိန်တွယ်စစ်ဆေးရာတွင် တစ်တင်း အလေးချိန် ၅၃ပေါင်ရရှိခဲ့ကြောင်း ယမန်နှစ်နွေစပါးစိုက်ပျိုးစဉ်က တစ်ဧက တင်း ၁၀၀ ခန့်သာ ထွက်ရှိသည်။ **(သတင်းစဉ်)**

ဘီးလင်း အထက မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဧပြီ ၉

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက်(အလုပ်သမားနေ့) နံနက် ၈ နာရီတွင် ဘီးလင်းအထက ပညာ့အားမာန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံယူကြပါရန်နှင့် အလှူငွေများကို ဒေါ်ခင်ထွေးမြင့် ဖုန်း-၀၉-၅၁-၂၁၈၂၈၊ ဦးစံ ဖုန်း-၀၁-၃၈၅၉၀၃၊ ဦးမောင်မောင် (မြို့နယ်ပညာရေးမှူး) ဖုန်း-၀၅၇-၆၄၀၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း-၀၅၇-၆၄၀၇၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သာစည်မြို့၌ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်

သာစည် ဧပြီ ၉

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်နှင့်အဖွဲ့က မြို့နေပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် မတ် ၂၅ရက်က မင်းလှကန်မှတစ်ဆင့် ရေစုကန်သို့ ဖောက်လုပ်ဆက်သွယ်ထားသည့် အုတ်ရေသွယ်မြောင်းအတွင်းရှိ ရွှံ့နုန်းများဆယ်ယူခြင်းနှင့် အောက်ခံကြမ်းပြင် ဖာထေးပြုပြင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၉၄)

နွားထိုးကြီး၌ ရှစ်လမ်းသွားကွန်ကရစ် ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်

နွားထိုးကြီး ဧပြီ ၉

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးသည် မြင်းခြံခရိုင် ပြည်သူ့ဆောက်လုပ်ရေးနှင့် မြေစာရင်း ခရိုင်မှူးများ၊ နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေး မြေစာရင်းဦးစီးမှူးများနှင့်အတူ မတ် ၁၉ရက်က နွားထိုးကြီးမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်နေသော ရှစ်လမ်းသွား ကွန်ကရစ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်မှု လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။ (၀၉၂)

မွန်ပြည်နယ် ကျောင်းပေါင်းစုံ အကပဒေသာပြိုင်

ရန်ကုန် ဧပြီ ၉

မွန်ပြည်နယ် ကျောင်းပေါင်းစုံ အကပဒေသာပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မတ် ၃၀ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒေါ်မြင့်မြင့်စိုးက လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်မြို့နယ် အထက(၈)မှ မဇာခြည်သိမ့်၊ ဒုတိယဆုရ မော်လမြိုင်မြို့နယ် အထက(၄)မှမစိုးသီရိထွဋ်၊တတိယဆုရမော်လမြိုင်မြို့နယ် အထက(၁၂)မှ မဖူးဖူးယမင်းခင်တို့အားလည်းကောင်း၊ ဒေါ်ခင်မြတ်ထွေးက ဖက်ရှင်မယ်ပြိုင်ပွဲတွင် ကျိုက်ထိုမြို့နယ် အထက(၂)မှ ပထမဆုရ မဟန်နီထွန်း၊ ဒုတိယဆုရ ရေးမြို့နယ် အထက(၁)မှ မကေမီဇင်နှင့် တတိယဆုရ မော်လမြိုင်မြို့နယ် အလက(၉)မှ မကေခိုင်စိုးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ယင်းနောက် ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိကြသည့် အဖွဲ့ခြောက်ဖွဲ့တို့အား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလက်ဆောင် ဆုချီးမြှင့်

ကျောက်တန်းမြို့နယ်အသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၅ရက်က အသင်းတည်ရာ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ ကျောက်တန်းမြို့နယ်အသင်း ဓမ္မဗိမာန်၌ ကျင်းပရာ အသင်းဂုဏ်ထူးဆောင် နာယက ရဲမှူးကြီးစိန်ထွန်းအောင်(ငြိမ်း)က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရရှိသူမောင်နီမှိုင်း(ကျောက်တန်း) အား ဂုဏ်ပြုလက်ဆောင်ဆုချီးမြှင့်စဉ်။ (၁၁၅)

ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း(၁/၂၀၀၉)ဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ကြီးမှူးဖွင့်လှစ်သည့် ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၉)ဆင်းပွဲကို ဧပြီ၇ရက်က ရန်ကုန်မြို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၉)ဆင်းပွဲတွင် သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းသို့ ဆန်စပါးလုပ်ငန်းတွင်လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများ၊ မြန်မာဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီများနှင့် ဆန်စက်လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသူများ စုစုပေါင်း၄၄ဦးတက်ရောက်ခဲ့ကြောင်းနှင့် ၂၀၀၉ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ခေတ်မီဆန်စက်အစိတ်အပိုင်းများ တိုးချဲ့တပ်ဆင်ရေးနှင့် ကြိတ်ခွဲမှုနည်းပညာသင်တန်းကို ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွားထိုးကြီး၌ နွေစပါးစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေး

နွားထိုးကြီး ဧပြီ ၉

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းစည်းဝေးကို မတ်၂၄ရက်က မြို့နယ်စုပေါင်းရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်း၊ သစ်တော၊ မြန်မာ့ဝါနှင့်ပိုးချည်၊ စက်မှုလယ်ယာစသည့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြောင်းပြာဆည်နှင့် ဇီးတောဆည်ရေများဖြင့် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဆည်ရေများပေးဝေမှုနှင့် လျာထားချက် ပြည့်မီရေးအတွက် ကွင်းဆင်းကြီးကြပ်မှု အခြေအနေများကို ညှိနှိုင်းကြကြောင်း သိရသည်။ (ဝ၉၂)

Bio-essence Skin Care Series အထူးမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

BPMI Co., Ltd. က တင်သွင်းဖြန့်ချိ၍ အမျိုးသမီးများသာမက အမျိုးသားများပါသုံးစွဲလျက်ရှိသော Bio-essence Skin Care Series အထူးမိတ်ဆက်ပွဲကို ဧပြီ ၄ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် Chair Man, Bio-essence (Singapore) Dr. Tor Lam Huat က အမှာစကား ပြောကြားသည်။

တက်ရောက်အားပေး

ထို့နောက် Chair Man, Dr.Torနှင့် စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr. Robert Chua Hian Kongတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ Bio-essence အထူးမိတ်ဆက်ပွဲအခမ်းအနားသို့ စင်ကာပူ မင်းသမီး Aileen Tan လည်း တက်ရောက်အားပေး ဆင်နွှဲခဲ့သည်။

ဆုချီးမြှင့်

ထူးထူးခြားခြား အစီအစဉ်အဖြစ် လူ၄၀အား တစ်ပြိုင်နက်စမ်းသပ်လိမ်းခြယ်ခြင်းပြိုင်ပွဲကိုလည်းကျင်းပပြီး ယင်းပြိုင်ပွဲ၌ဒေါ်မိမိလွင်၊မနီလာဝင်းနှင့် မခိုင်ဇာလွင်တို့အား ပထမ၊ ဒုတိယ၊ တတိယဆုများကို ချီးမြှင့်သည်။

ချက်ချင်းစမ်းသပ်

အခမ်းအနားသို့ တက်ရောက်လာသူများဝယ်ယူနိုင်ရန်အတွက် Bio-essence အရောင်းမြှင့်တင်ခြင်း အစီအစဉ်တွင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးခဲ့ပြီး Bio-essence၏ ထူးခြားမှုကိုသိလိုသူများအားလည်း ချက်ချင်းစမ်းသပ်ပေးခဲ့သည်။

ငယ်ရွယ်နုပျို၍ တင်းရင်းချောမွေ့သော အသားအရေကို အချိန်ပိုင်းအတွင်း ပေးစွမ်းနိုင်သော Bio-essence အထူးမိတ်ဆက်ပွဲသည် ထူးထူးခြားခြား အစီအစဉ်များဖြင့် အောင်မြင်ပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရုပ်ရှင်ဇာတ်ကားသစ်များ သင်္ကြန်ရက်ရှောင် နှစ်ဆန်းတစ်ရက်နေ့မှ ကြိုးတန်းရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဧပြီ ၉

ယခုသောကြာပတ်သည် မြန်မာသင်္ကြန်ရက်နှင့် တိုက်ဆိုင်နေသဖြင့် ရုပ်ရှင်ဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ သင်္ကြန်ရှောင်ကာ ပြဆဲဇာတ်ကားများသာ သင်္ကြန်ကျသည်အထိ ဆက်လက်ပြသသွားမည်ဖြစ်သည်။

ဧပြီ၁၇ရက်(မြန်မာနှစ်ဆန်းတစ်ရက်)လာမည့်သောကြာပတ်ကျမှ ဒါရိုက်တာ မီးပွားရိုက်ကူးပြီး ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုတို့ အဓိကပါဝင်ထားသည့် **ကြိုးတန်း** ဇာတ်ကားသစ်မှာ သမ္မတ၊ သွင်၊ မင်္ဂလာရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ကြိုးတန်းတွင် ကွန်သမားကျောက်နီအဖြစ် ကျော်ဟိန်း၊ ကျောက်နီ၏မိန်းမ ငါးစိမ်းသည် မကျေ့အဖြစ် စိုးမြတ်သူဇာ၊ ကျောက်နီနှင့် ဘဝတူ လှဆောင်းအဖြစ် ကျော်ရဲအောင်နှင့် လှဆောင်း၏ဇနီး ငါးစိမ်းသည် မလှစိန်အဖြစ် ထွန်းအိန္ဒြာဗိုတို့က အပီပြင်ဆုံး သရုပ်ဆောင်ထားသည်။

ကြိုးတန်း

ရောဝတီမြစ်ထဲက သောင်ခုံတစ်ခုပေါ်တွင် ကြိုးတန်းထားသော တဲငါတဲနှစ်လုံးသာရှိသည်။ တဲတစ်လုံးထဲက "မင်းကို ငါမသတ်ရသရွေ့မကျေဘူး၊ မင်းဘက်က စလွင့်လာတဲ့မီး၊ မီးကိုမီးနဲ့ တုံ့ပြန်မယ်" ဆိုတဲ့ ကျောက်နီရဲ့ဒေါသနှင့် "ကောင်မက ခါတိုင်း ဒီလေသံမဟုတ်ပါဘူး၊ ခုမှ စွာနေလိုက်တာ ငါးပိသည်က ခွေးမမောင်း၊ ဆားသည်က ခွေးမောင်း၊ ကိုယ့်အလှည့်ကျမှ ခုနစ်စဉ်ကို တိုက်ပစ်လိုက်ဦးမယ်"ဆိုသော တစ်ဖက်တဲထဲမှ မလှစိန်၏ အာဃာတတို့ကို ခင်ခင်ထူးက စိတ်ကူးပုံဖော်ပြီး နေဝင်းမြင့်က ဇာတ်ညွှန်းခွဲထားသည်။ နယ်သစ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ဟာသကားတွေကြားမှာ သဘာဝကျကျ ရှားရှားပါးပါး တင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။

ချစ်သူ့ခေါ်ရာ

သုဝဏ္ဏနဒီထရေးဒင်း လီမိတက်မှ တင်သွင်းပြီး အိန္ဒိယဖလင်ဖဲယား၁၀ဆုရ ဇာတ်ကား Dilwale Dulhania Lejayengeမှာ မြို့မရုံတွင် ဧပြီ၁၀ရက်မှ သင်္ကြန်ကျသည်အထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ လန်ဒန်၊ စပိန်၊ ဆွစ်ဇာလန်နှင့် အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တို့၏ သဘာဝအလှအပ များကို နောက်ခံထားကာ ရှာရွတ်ခန်နှင့် မင်းသမီးကာဂျိုးလ်တို့၏ အတွဲညီသော ကကွက်ဆန်းများကို ရှုစားကြရမည်ဖြစ်သည်။ ॥

(မြန်မာ့အလင်း)

၂၀၀၈ခုအတွက် အော်စကာသုံးဆုရ **Benjamin Button** ဇာတ်ကားမှ ဘရက်ပစ်နှင့် ကိတ်ဘလန်ချက်။

မိုးကောင်း ရှေးဦးသူနာပြုအခြေခံအဆင့် သင်တန်းဆင်း

မိုးကောင်း ဧပြီ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်) သင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဆင်းပွဲကို မတ် ၂၆ရက် နံနက် ၁၀နာရီက နန်ဆွမ်ကျေးရွာ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမြင့်အောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလဂျာတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၀၀၁)

ဟုမ္မလင်း၌ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဟုမ္မလင်း ဧပြီ ၉

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် ကိုက်ညီ၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၄/၂၀၀၉)ဖွင့် ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် မိုင်းကိုင်နန်းတော စံပြ ကျေးရွာရွှေမီးအိမ်စာကြည့်တိုက်၌ မတ် ၂၅ရက် နံနက်၈နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအကြောင်း ဆွေးနွေးတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း)ရေပေးဝေရေးစခန်း အမှတ်(၂) ဖွင့်ပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄)ရပ်ကွက်ရှိ ဓနေယျာမြိုင်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က တည်ဆောက်ပြီးစီးသွားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရေပေးဝေရေးစခန်းအမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ရေပေးဝေရေးစခန်းအမှတ်(၂)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရေပေးဝေရေးစခန်းအမှတ်(၂) ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ရေတွန်းစက်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရေပေးဝေရေးစခန်းရှိ သံဓာတ်ဖယ်ရှားသည့် စနစ်၊ ရေစစ်ကန်နှင့် ရေစုကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရေပေးဝေရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော်ဝန်က ဖြည့်စွက်တင်ပြသည်။

ရေပေးဝေသွားမည်

အဆိုပါ ရေပေးဝေရေးစခန်းရှိ ရှစ်လက်မအဝီစိတွင်းရှစ်တွင်းမှ ထွက်ရှိလာသော ရေများကို Aeration Cascade စနစ်ဖြင့် သံဓာတ်များဖယ်ရှားပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေဂါလန်တစ်သန်းခန့်ကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အိမ်ခြေ ၆၀၀၀ခန့်ကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက် မာန်ပြေလမ်းနှင့် မာန်အောင်လမ်းထောင့်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က တည်ဆောက်ပြီးစီးပြီဖြစ်သော ရှစ်လက်မအဝီစိတွင်းနှစ်တွင်း၊ Aeration Cascade စနစ် သံဓာတ်ဖယ်ရှားမှု၊ ရေဂါလန် ၁၅၀၀၀နှင့် ဂါလန် ၆၅၀၀ဆံ့ရေစုကန်၊ ရေစစ်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စက်ရေတွင်းမှထွက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေများကို သာကေတမြို့နယ်ရှိ ရန်ပြေရပ်ကွက်နှင့်မာန်ပြေရပ်ကွက်များသို့ ထပ်မံရေအားဖြည့်တင်းပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရေပေးဝေရေးစခန်း အမှတ်(၂)ရှိ ရေတွန်းစက်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်၌ ကညင်ကောက်သံမဏိကြိုးတံတား ဖွင့်ပွဲကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဧပြီ ၆ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၌ ကျင်းပသော ကညင်ကောက် သံမဏိကြိုးတံတား ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကညင်ကောက်သံမဏိကြိုးတံတား ပေါ်ပေါက်လာရခြင်းအကြောင်းကို ပြောကြားပြီး (အောက်ဝဲပုံ) **ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။**

လွှဲပြောင်းပေးအပ်

ထို့နောက် ဝန်ကြီးက သံမဏိကြိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တံတားနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်ကိုယ်စားလှယ်တစ်ဦးက ကွမ်းခြံကုန်းမြို့နယ်မှ တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်သည်။

အစားထိုးတည်ဆောက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သံမဏိကြိုးတံတားတစ်လျှောက် လှည့်လည်ကြည့်ရှုသည်။ ကညင်ကောက်သံမဏိ ကြိုးတံတားသည် မရမ်းနှင့်ကျိုက်ပတ်ရွာအကြားရှိ မရမ်းချောင်းပေါ်၌ မူလတည်ရှိသော ဝါးတံတားနေရာ၌ အစားထိုးတည်ဆောက်ထားခြင်းဖြစ်ပြီး အကျယ် ၅ ပေခွဲ၊ အရှည်ပေ ၁၀၀ ခန့်ရှိကာ ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီက လှူဒါန်းခြင်း ဖြစ်သည်။

လွယ်ကူစွာသွားလာမည်

အဆိုပါ ကညင်ကောက် သံမဏိကြိုးတံတား တည်ဆောက်ပြီးစီးသွားသဖြင့် ကွမ်းခြံကုန်း၊ တွံတေး၊ တောကြီးတန်း တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ တစ်နှစ်ပတ်လုံး လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရွှေတောင်မြို့ အပြင်ရှမ်းတန်းလမ်း ထပ်ပိုးကတ္တရာလမ်းဖွင့်

ရွှေတောင် ဧပြီ ၉

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အပြင်ရှမ်းတန်းလမ်း ထပ်ပိုးကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၈နာရီက အပြင်ရှမ်းတန်းလမ်း မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် လမ်းနှင့်ပတ်သက်သည်များကို ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ရှင်းလင်းတင်ပြ၍ လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ပြီး လမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

လွယ်ကူ

အဆိုပါ အပြင်ရှမ်းတန်းလမ်းသည် အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၃၈ သန်း အကုန်အကျခံဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် လမ်းသွားလမ်းလာများ သွားလာရာတွင် လွယ်ကူချောမွေ့စေကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သင့်သွေးဖြင့်အသက်ကယ်ပါ

နမ္မတူစည်ပင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

နမ္မတူ ဧပြီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မအရန်မီးသတ်တပ်ဖွဲ့နှင့် မြို့မဈေးသူ ဈေးသားများ စုပေါင်း၍ မြို့မဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၁၄ရက်က အမှုဆောင်အရာရှိ ဦးကြည်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးနှင့် မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးလှညွန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

နွေစပါး စိုက်ကေပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးပုလဲ၌ဆွေးနွေး

ပုလဲ ဧပြီ ၉

ပုလဲမြို့နယ်တွင် နွေစပါးစိုက်ဧက လျာထားချက်ထက် ကျော်လွန်အောင်စိုက်ပျိုးရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များသည် မတ် ၃၀ရက်က နွေစပါးစိုက်ပျိုးကြမည့် မုံသွင်ကျေးရွာနှင့် မုံကြိုင်းကျေးရွာတို့မှ တောင်သူများနှင့် တွေ့ဆုံကာ အချိန်မီစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ရေကိုအကျိုးရှိစွာ အသုံးချစိုက်ပျိုးရေးနှင့် သွင်းအားစုအပြည့်အဝသုံးစွဲရေးတို့ကို ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသ

ရန်ကုန် ဧပြီ ၉

ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုအစီအစဉ်ကို ဧပြီ၃ရက်မှ ၆ရက်အထိ လေးမျက်နှာမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ပံ့ပိုးကူညီ

အဆိုပါခရီးစဉ်တွင် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်(ငြိမ်း) ဦးဆောင်၍ ဒေါက်တာဒေါ်ခင်ဆန်းနွယ်လိုက်ပါလျက် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာသိန်းဇော်၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာကျော်စွာဝင်း၊ ဒေါက်တာထွေးသန္တာရီ၊ ဒေါက်တာနှင်းပွင့်ဖြူ၊ ဒေါက်တာဇေဇီကျော်၊ ဒေါက်တာမေကိုကိုသက်၊ ဒေါက်တာရွှေဝါအေး၊ ဒေါက်တာဝေနွယ်ဝင်းနှင့်အတူ သူနာပြုဆရာမ ရှစ်ဦး၊ ALCON ကုမ္ပဏီမှ အင်ဂျင်နီယာဦးဗိုလ်မင်းတို့ လိုက်ပါကြပြီး ခွဲစိတ်ကုသမှုလုပ်ငန်းများကို ဟင်္သာတမြို့နယ်ဆေးရုံမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာသန့်စင်က ပံ့ပိုးကူညီပေးခဲ့သည်။

မျက်စိအထူးကုအဖွဲ့သည် လေးမျက်နှာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအပြင် ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ အင်္ဂပူ၊ ငါးသိုင်းချောင်း၊ ဟင်္သာတ၊ ကျုံပျော်၊ ငွေမြို့နယ်တို့မှ မျက်စိဝေဒနာရှင်ပေါင်း ၄၆၁ဦးအား အခမဲ့စမ်းသပ်ကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ ၅၅ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြသည်။

ယင်းအထူးကုအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် တာဝန်ရှိသူများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြင့်၊ လေးမျက်နှာပြည်သူ့ဆေးရုံ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုလေးနှင့် ဆေးရုံဝန်ထမ်းများ၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးခင်ချိုနှင့်အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် NGO အဖွဲ့ဝင်များက အဘက်ဘက်မှ လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြသည်။

လှူဒါန်း

ယခုခရီးစဉ်အတွက် လိုအပ်သော မျက်စဉ်းဆေးဝါးများနှင့် ကုန်ကျစရိတ်အဝဝကို လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)မှ လှူဒါန်းခဲ့ပြီး ဆေးကုမ္ပဏီများဖြစ်ကြသော စန္ဒာမြိုင်ကုမ္ပဏီ၊ ALCON ကုမ္ပဏီတို့မှလည်း ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိ အထူးကုဆရာဝန်ကြီးများ လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေးစဉ်။ (သတင်းစဉ်)

မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးပြီးမျက်မှန်များ တပ်ဆင်ပေးကာ ဆောင်ရန် ရှောင်ရန်တို့ကို မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ နေ့အပူချိန် အနည်းငယ်ပိုလာနိုင်

ရန်ကုန် ဧပြီ ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၁ဒသမ ၁၈လက်မနှင့် ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ဝဒသမဝ၈လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၁၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း(၁) ပညာစံအိမ်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၉

ပညာစံအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့ညနေ ၃နာရီက သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း(၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆောက်အအုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ ဦးစီးမှူးဒေါ်မြင့်မြင့်မော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ယာပုံ)**

ရှင်းလင်း

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားကာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်မင်းက စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာနှင့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံပြင်ပ၌ မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၉

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၂နာရီ ၄၄မိနစ် ၂၅စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ယွန်းယွန်း မိုင်၇၃၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကပ္ပလီပင်လယ်ပြင်တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

NLD ဌာနချုပ်သို့ မတ်လအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၃)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဧပြီ ၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ခုနှစ် မတ်လအတွင်း (၂၃)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထန်းတပင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၉

ပဲခူးတိုင်း ထန်းတပင်မြို့နယ် သစ်ချဆိပ်ကျေးရွာနေ ဦးစောမောင်မြင့်သည် မတ် ၂၄ရက် ညနေ ၄နာရီခွဲခန့်တွင် သံတောင်မြို့နယ် ဆင်လမ်းတောင်တောအတွင်း ဝါးခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ဝဲခြေချင်း၊ ဝဲတံတောင်ဆစ်နှင့် ဝဲပေါင်တို့တွင် မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဇရပ်ကြီးဆေးရုံသို့ တက်ရောက်ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဟန်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲလွင်အောင်တို့ လိုက်ပို့သဖြင့်သတင်းခရီးသည်တို့ မြေပုံမြို့ ဆိပ်ကမ်းအနီးရှိ မြို့နယ်စည်ပင်သာယာရေးရုံးသို့ ရောက်ခဲ့ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်း၊ အင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က လိုက်လံပျူငှာစွာ ကြိုဆိုနှုတ်ဆက်ပြီး မြေပုံမြို့နှင့် မြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း ဆောင်ရွက်နေမှုများကို ရှင်းပြသည်။

အသုံးပြုနိုင်

မြေပုံမြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပြီး ဧရိယာ ၂၄၃ဧက ကျယ်ဝန်းသည်။ အရှေ့ဘက်တွင် အမ်းမြို့၊ အနောက်ဘက်တွင် ပေါက်တောမြို့၊ တောင်ဘက်တွင် ကျောက်ဖြူမြို့၊ မြောက်ဘက်တွင် မင်းပြားမြို့နယ်တို့ ဆက်စပ်နေသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းတို့ဖြစ်ပေသည်။ မြေပုံမြို့ပေါ်တွင် ရပ်ကွက်ကိုးခုရှိပြီး လူဦးရေ၁၅၀၀၀ ကျော်၊ အိမ်ခြေ ၂၀၀၀ကျော်ရှိရာ နောက်တိုးလာမည့်လူဦးရေအတိုးနှုန်း ၂ဒသမ၂ရာခိုင်နှုန်းဖြင့် တွက်ချက်ပါက နောင်နှစ်၂၀တွင် လူဦးရေ ၃၅၀၀၀ခန့် ရှိလာနိုင်သည်။ တစ်ဦးလျှင် ရေဂါလန်၂၀ဖြင့် တွက်ချက်ပါက တစ်နေ့ ရေလိုအပ်ချက် ၀ဒသမ၇သန်း လိုအပ်ကာ တစ်နှစ်လျှင် ရှစ်လအတွက် ၁၆၆ဒသမ ၈သန်း လိုအပ်မည်ဖြစ်သည်။ မြေပုံမြို့ပေါ်ရှိ ရေကန်၁၀ကန်၊ လက်တူးတွင်း ၁၁၈တွင်းနှင့် ကန်တော်ကြီး တစ်ဖက်ပိတ်ဆည်တို့မှ ရေရယူသုံးစွဲလျက်ရှိရာ ရေကန်၁၀ကန်မှ အသုံးပြုနိုင်သည့်ပမာဏ ဂါလန်သန်း၂၀၊ လက်တူးတွင်း၁၈၈တွင်းမှ အသုံးပြုနိုင်သည့် ပမာဏ ၀ဒသမ ၁၂ ဂါလန်သန်း၊ ကန်တော်ကြီး တစ်ဖက်ပိတ်ဆည်မှ အသုံးပြုနိုင်သည့် ပမာဏဂါလန် သန်း၂၀ ဖြစ်သည်။ ကန်တော်ကြီးဆည်မှာ တမံအလျား ပေ၁၂၀၀၊ တာပေါင်အမြင့်၁၂ပေ၊ တာပေါင်ထိပ် ရှစ်ပေ၊ တာပေါင်အောက်ခြေအကျယ်၃၂ပေ၊ ရေသိုလှောင်ပြင် အမြင့် (ပျမ်းမျှ) ငါးပေ၊ ကြမ်းခင်းဧရိယာ ၂၀ဒသမ ၂၀ပေဧက၊ ရေကန်အပြည့်ဧရိယာ ၂၀ဒသမ ၄၈ဧကပေ၊ ရေသိုလှောင်သည့်ပမာဏ ဂါလန်၂၆သန်း၊ အသုံးပြုနိုင်သည့်ပမာဏ ဂါလန်သန်း၂၀၊ နှစ်စဉ်မိုးရေချိန်လက်မ၂၀၀၊ ရေပိုလွှဲအမျိုးအစားကျောက်တုံးစီ ကွန်ကရစ်တို့ဖြစ်သည်။

ထပ်မံတိုးချဲ့

လက်ရှိ ရပ်ကွက်ကိုးခုရှိသည့်အနက် ခြောက်ခုသို့ ကန်တော်ကြီးဆည်မှရေပေးဝေလျက်ရှိပြီးရပ်ကွက်နှစ်ခုကို အနည်းငယ် ဖြန့်ဝေလျက်ရှိသည်။ ရပ်ကွက်အားလုံးသို့ ရေရရှိစေရန်ရေပေးဝေရေးလုပ်ငန်းများအား ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိသည်။

ရေရရှိသော ရပ်ကွက်ခြောက်ရပ်ကွက်မှာ ကံသာထွက်ဝရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ဈေးပိုင်းရပ်ကွက်၊တရုတ်တန်းရပ်ကွက်၊ သဲတန်းရပ်ကွက်တို့ ဖြစ်သည်။ ရေအနည်းငယ် ရရှိသောရပ်ကွက်နှစ်ခုမှာ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပေါ်ရပ်ကွက်တို့ဖြစ်သည်။ မြောက်ပိုင်းရပ်ကွက်တွင် ရေဂါလန်၁၂၀၀ဆံ့ အများသုံးသည့် ရေကန်တစ်ကန်၊ သဲတက်ရပ်ကွက်တွင် ရေဂါလန် ၁၂၀၀ဆံ့ အများသုံး အုတ်ရေကန်တစ်ကန်၊ တရုတ်တန်းရပ်ကွက်တွင် အများသုံး ရေငုတ်ရေလိုင်း အခု ၆၀၊ ရပ်ကွက်ရှစ်ခုတွင် အိမ်သွယ်ရေတိုင် ၂၄၇တိုင် တည်ဆောက်ကာ မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေပေးဝေလျက် ရပ်ကွက်အားလုံးရေရရှိစေရန် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

သွယ်တန်း

ထို့ပြင် ကန်တော်ကြီးဆည်ကို ရေထုထည် ပမာဏ တိုးတက်ရရှိစေရန် တာပေါင်မြှင့်ခြင်း၊ ရေပိုက်တိုးသွယ်တန်းခြင်း များကို နှစ်အလိုက် ဆောင်ရွက်သွားမည်ဟု သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ငါး၊ ပုစွန်များကို အဝယ်ဒိုင် အသီးသီးက ဤသို့ ချိန်တွယ်ဝယ်ယူ။ (မြန်မာ့အလင်း)

အဆင့်မြှင့်

မြေပုံမြို့တွင် ကတ္တရာလမ်း ခုနစ်လမ်း၊ကျောက်လမ်းခုနစ်လမ်း၊မြေသားလမ်း ၂၁လမ်းရှိရာ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် စက္ကူပန်းပင်၁၀၀၀၀၊ နွယ်သာကီပင် ၁၀၀၀၀၊ စိန်တံချူပင် ၁၀၀၀၀၊ ပန်းအိပင် ၁၀၀၀၀၊ ခရာဝါပင် ၂၀၀၀၀၊ စိန်ပန်းပုပင် ၁၀၀၀၀၊ ရေတမာပင် ၂၅၀၀၊ ခရေပင်၂၅၀၀၊ ပုန်းညက်ပင် ၂၅၀၀၊ ပိတောက်ပင် ၂၅၀၀ကို ပျိုးထောင် ထားရှိသည်။

ရေလုပ်ငန်း

မြေပုံမြို့နယ်အတွင်းရှိ ငါးမာန်ရဲကျွန်း၊ ပြင်ငခူချောင်း၊ ကြက်ရေကျွန်း၊ ဝက်ခေါင်း၊ ပြင်ချောင်းမြောက်ကြိမ်၊ လွန်းလုံးပိုက်၊ အတွင်းငခူချောင်း၊ ရေရှင်ရွာ၊ မောင်ရှင်ရွာ၊ ဖလားလှေ၊ ဆေးမြစ် ဆွဲရွာ၊ လောင်းဒရိတ်၊ မုံးသီးနတ်တောင်၊ ကိုရံပြင်ရွာစသည့် ကျေးရွာများမှ ဒေသခံရေလုပ်သမားများသည် မြေပုံမြို့ပေါ်ရှိ ငါး၊ ပုစွန်ဒိုင်များသို့ နေတိုင်းလာရောက် ရောင်းချကြောင်း သိရသဖြင့် အဝယ်ဒိုင်အချို့သို့ သတင်းခရီးသည် သွားရောက်လေ့လာခဲ့သည်။

ဗိုလ်ချုပ်လမ်းရှိ ဦးညီပု KMP ငါး၊ ပုစွန်အဝယ်ဒိုင်သည် နေ့စဉ် ငါး ပုစွန် ပိဿာ ၃၀၀ခန့် ဝယ်ယူကာ တောင်ကုတ်မြို့နှင့် ရန်ကုန်မြို့သို့ ရေလမ်း၊ ကုန်းလမ်းဖြင့် တင်ပို့ရောင်းချကြောင်း သိရသည်။

အလားတူ မြို့မဘုတ်ဆိတ်ရှိ NCR ငြိမ်းချမ်းရေး ငါး၊ ပုစွန် အဝယ်ဒိုင်သို့ ရောက်ရှိရာ မန်နေဂျာ ဦးသန်းထွန်းက ကျောက်ဖြူမြို့ရှိ NCR အအေးခန်းစက်ရုံနှင့် ရန်ကုန်မှ တစ်ဆင့် ပြည်ပပို့ရန်အတွက် မြေပုံမြို့တွင် အဝယ်ဒိုင်ဖွင့်ကာ နေ့စဉ် ငါး၊ ပုစွန် ပိဿာ ၅၀၀ကျော် ဝယ်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောပြသည်။

စားဝတ်နေရေး အဆင်ပြေ

ဦးဥတ္တမလမ်းရှိ ဦးတင်အေး၏ **TTT** (**T** သုံးလုံး) ငါးပုစွန်ရောင်းဝယ်ရေးသို့ ရောက်ရှိရာ နေ့စဉ် ငါးပုစွန်ပိဿာ၃၀၀မျှဝယ်ယူရရှိကြောင်း၊ ငါး၊ ပုစွန်များကို တောင်ကုတ်နှင့် ရန်ကုန်သို့ ရေကြောင်း၊ ကုန်းကြောင်းဖြင့် တင်ပို့ရောင်းချသည်။

ကျွန်းသာယာ၊ ငပုသုန်၊ ပြင်ဝန်း၊ မင်းချောင်း၊ ရှင်တောင်၊ ထူးရှည်၊ ကိုင်းရှည်၊ အုန်းတောစသည့် ကျေးရွာများမှ လာရောက်ရောင်းချသည့် ပုစွန်ခြောက်များကို ဝယ်ယူသည့် ဗိုလ်ချုပ်လမ်းရှိ ဦးစောဘကြီး၏ ပုစွန်ခြောက် အဝယ်ဒိုင်ကို ရောက်ရှိရာ နယ်များသို့ လုပ်အားခ ကြိုတင်ထုတ်ပေး၍ လုပ်သား၇၀၊ မီးရှို့သူ ၄၀၀ခန့်ကို အလုပ်အကိုင်ရှာပေးကာ ထောက်ပံ့ရသဖြင့် ဝမ်းသာနေသည့် လုပ်ငန်းရှင် ဦးစောဘကြီးကို တွေ့ဆုံခဲ့ပါသည်။

သားသမီးလေးဦးစလုံး ဘွဲ့ရဖြစ်ကြောင်း၊ လုပ်သားတစ်ဦးကို တစ်လ အနည်းဆုံးငွေကျပ်၁၈၀၀၀မှ ငွေကျပ် ၅၀၀၀၀အထိ ထောက်ပံ့နိုင်သဖြင့် ဝမ်းသာကြောင်း၊ ရန်ကုန်သို့ ပုစွန်ခြောက် တစ်လနှစ်ကြိမ်တင်ပို့ရာ တစ်ကြိမ်ပိဿာ၃၀၀မှ ပိဿာ၃၀၀၀ အထိ တင်ပို့နိုင်ကြောင်း သိရသည်။

ငါး၊ ပုစွန်ထုတ်လုပ်မှု

မြေပုံမြို့နယ်အတွင်း ကကတစ်၊ ငါးသလောက်၊ ငါးရွှေ၊ ငါးရောင်၊ ကက္ကူရံ၊ စစ္စလီ၊ ငါးပုဏ္ဏား၊ ငါးပုတ်သင်၊ ဆပ်ဖာ၊ ကဘီးလူး၊ ငါးဝက်စပ်၊ ငါးလိပ်ကျောက်၊ ငါးကွမ်းရှပ်၊ ငါးမုန့်မည်း၊ ငါးမုန့်ဖြူ၊ ငါးပါးနီ၊ ငါးဇယောကြီး၊ ငါးတုန်းညို၊ ငါးကုန်းညို၊ငါးတံခွန်၊ ငါးနုပ်၊ ငါးရုံး၊ ငါးဒါးလွတ်၊ မျက်ဆံကျဲ၊ ပြုတ်ကြီး၊ ငါးဇင်ရိုင်း၊ ရွှံ့ကဏန်း၊ သဲကဏန်း၊ ပုစွန်ကျား၊ ပုစွန်ဖြူ၊ ပန်းရောင်ပုစွန်၊ ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် အခြားရေနေ ငါးသေး ငါးနုတ်များ ဖမ်းဆီးရမိသဖြင့် တစ်နှစ်ငါး၊ ပုစွန် ထုတ်လုပ်မှုမှာ ကျပ် ၉၇၅၄သန်းဖြစ်ကြောင်း သိရသည်။

ငါး၊ ပုစွန် ဒေသဈေးနှုန်းမှာ သတင်းခရီးသည်ရောက်ရှိနေချိန်တွင် ရေငန်ဘုံငါးတစ်ပိဿာ ကျပ် ၆၁၀၊ မွေးမြူရေးပုစွန်တစ်ပိဿာ၁၁၄၈ကျပ်၊ ရေငန်ပုစွန် တစ်ပိဿာ၁၀၆၅ကျပ်တို့ ဖြစ်ပေသည်။

အောင်မြင်

ရေလုပ်ငန်းရှင်များ အဆင်ပြေနေသကဲ့သို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း အရပ်ရပ်အခွန်ကောက်ခံမှုမှာ ကျပ်၁၂၅သိန်းလျာထားရာမှ ၂၀-၁-၂၀၀၉ရက်အထိ ကျပ်၁၅၇သိန်း ကောက်ခံရရှိသဖြင့် ၁၁၆ဒသမ ၁၀၄ ရာနှုန်း အောင်မြင်နေကြောင်း သိရသည်။

မြေပုံမြို့နယ်အတွင်း ငါး၊ ပုစွန်မွေးမြူသည့် ကျေးရွာအုပ်စု ၄၅ခုမှ မွေးမြူသူ ၇၃၅ဦးမှာ မွေးမြူရေးဧရိယာ ၂၄၆၅၇ဧကတွင် မွေးမြူထားသည်။

ကမ်းနီးစက်တပ်လှေ ၁၂၄စင်း၊ ကမ်းနီးစက်မဲ့လှေ ၂၁၂၉စင်းတို့ဖြင့် ရေလုပ်သားများ လုပ်ကိုင်ကြကြောင်း သိရသည်။ အသုံးပြုသော ငါးဖမ်းကိရိယာများမှာ ကျားသုံးထပ်၊ ပွမ်း၊ မျောမော်ရုံ၊အနုဖြူ၊ ကျောက်ငို၊ ငါးမျှားတန်း၊ မြုံးတန်း၊ မြုံးချ၊ ငါးခြံ၊ စစ္စလီပိုက်တို့ဖြစ်သည်။

ကားများပြေးဆွဲတော့မည်

ယခုအခါ နိုင်ငံတော်မှ မြေပုံ-မင်းပြား မော်တော်ကားလမ်း ဖောက်လုပ်နေပြီဖြစ်သဖြင့် မော်တော်ကားလမ်း ပြီးစီးသည်နှင့် မြေပုံ-ရန်ကုန် တိုက်ရိုက်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး မော်တော်ကားများ ပြေးဆွဲတော့မည်ဖြစ်ရာ မြေပုံမြို့နယ်ဒေသခံတို့၏စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊လူမှုရေးတို့သည်ဒေသတည်ငြိမ် အေးချမ်းလာသည်နှင့်အမျှ မုချတိုးတက်လာတော့မည်ကား မလွဲတော့ပါချေ။ ။

(မြန်မာ့အလင်း)

မြေပုံမြို့အဝင် ဆိပ်ကမ်းမှ လှပသည့်မြင်ကွင်းတစ်နေရာ.... (မြန်မာ့အလင်း)

ရေလုပ်သားများမှ ရောင်းချသည့် ငါး၊ ပုစွန်များကို ပြည်တွင်း၊ ပြည်ပသို့တင်ပို့ရန် ဤသို့ ရွေးချယ်ပြင်ဆင်။ (မြန်မာ့အလင်း)



ရန်ကုန်မြို့သို့ တင်ပို့ရန် ဝယ်ယူထားသည့် ဆားပေါ် ပုစွန်ခြောက်များ။ (မြန်မာ့အလင်း)

ဆေးဆိုးထားသော လက်ဖက်နှင့် ကျန်းမာရေး

လူတို့သည် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသိအမှတ်ပြု ခွဲခြားရာတွင် အာရုံငါးပါးစလုံး ပါဝင်သော်လည်း အဓိက အရေးကြီးဆုံးအရာမှာ အမြင်အာရုံဖြစ်ပေသည်။ အရာဝတ္ထုမှ ထွက်ပေါ်လာသော အလင်းရောင်က အမြင်အာရုံကို လှုံ့ဆော်သည်။ ထိုလှုံ့ဆော်မှုကြောင့် အရာဝတ္ထု၏ ပုံပန်းသဏ္ဌာန်၊ အရွယ်အစား၊ဖွဲ့စည်းပုံနှင့် ထူးခြားသော အရည်အသွေးများ(အရောင်အဆင်း၊ ကြည်လင်မှု၊ တောက်ပမှု၊ ကြမ်းတမ်း/ ချောမွေ့မှု စသည်)ကို ဦးနှောက်က ခွဲခြားနိုင်ပေသည်။ အစားအသောက်များကို အကဲ ဖြတ်ရာတွင် အရောင်(Colour)သည် ပထမဆုံးသော အာရုံခံအရည်အသွေး (First sensory quality) ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အာရုံခံစားမှုများကလည်း မိမိနှစ်သက်သည့် အရောင်ရှိသော အစားအသောက်များကိုသာ လက်ခံသည့် အလေ့အကျင့်ဖြစ်နေပြီး အရောင်မပါဝင်က လက်မခံလိုချေ။ ထို့ကြောင့်လည်း လူတို့၏ အမြင်အာရုံကို ဆွဲဆောင်ရန်အတွက် အစားအသောက်များကို ဆေးဆိုးလာကြတော့သည်။

အစားအသောက်များတွင် ဆိုးနေကြသည့် ဆိုးဆေးအမျိုးအစားများ

ဆိုးဆေးများတွင် သဘာဝအသီးအနှံ၊ သစ်ဥ၊ သစ်ဖုများမှရသော (Natural Colour)သဘာဝဆိုးဆေးနှင့် ဓာတုပစ္စည်းမှ ထုတ်လုပ်သော Synthetic Colour (ဓာတုဆိုးဆေး)ဟူ၍ရှိပါသည်။ ဓာတုဆိုးဆေးများသည် သဘာဝဆိုးဆေးထက် အရောင်ပိုတောက်ပြီး တာရှည်ခံသောကြောင့် အသုံးများကြသည်။ ဓာတုဆိုးဆေးများတွင် အစားအသောက်၌ သုံးစွဲခွင့်ပြုသော ဆိုးဆေး(Permitted Colour)သာရှိပါသည်။ သုံးစွဲခွင့်ပြုသော ဆိုးဆေး (Permitted Colour)စာရင်းတွင် မပါဝင်သော ဆိုးဆေးအားလုံးသည် သုံးစွဲခွင့်မရှိသော ဆိုးဆေး(Non-permitted Colour)များသာ ဖြစ်ပါသည်။ သုံးစွဲခွင့်ပြုသောဆိုးဆေး Permitted Colourများ စာရင်းဝင်ဖြစ်သော်လည်း စိတ်ကြိုက်သုံးစွဲ၍မရပါ။ အစားအသောက် အမျိုးအစားပေါ်လိုက်၍ သတ်မှတ်ပေးထားသော ပမာဏထက်ပိုထည့်၍ သုံးစွဲခွင့်မရှိပါ။

အဖိုးတန်လက်ဖက်

လက်ဖက်သည် Camellia Sinenisis အမြဲစိမ်းပင်ဖြစ်ပြီး မြန်မာနိုင်ငံတောင်ပေါ်ဒေသ မိုးရေချိန် လက်မ၅၀ကျော်တွင် စိုက်ပျိုးရသောအပင် ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်ပေ ၅၀၀၀အထက် စိုက်ပျိုးသော အပင်မှ အနံ့အရသာ ပိုကောင်းသော လက်ဖက်ကို ရရှိပါသည်။ လက်ဖက်အရွက်များ ခူးဆွတ်ပြီး လက်ဖက်အစို၊ လက်ဖက်အကြမ်းခြောက်၊ လက်ဖက်အချိုခြောက် ထုတ်လုပ်ကြပါသည်။

လက်ဖက်တွင် Catechins ခေါ်သည့် Antioxident (ကင်ဆာကို ကာကွယ်ပေးသည့်ဓာတ်ပစ္စည်း) ၃၀ရာခိုင်နှုန်း ပါဝင်ပါသည်။ theomine, caffeine, theobromine, theophyllin ပါဝင်ပြီး ရင်ချောင်စေပါသည်။ Fluoride ပါသည့်အတွက် သွားပိုးစားခြင်းကို ကာကွယ်ပေးပါသည်။ **လက်ဖက်တွင် ဓာတုပစ္စည်း ၇၀၀ကျော် ပါဝင်သည့်အနက် ကျန်းမာရေးကို အထောက်အကူဖြစ်စေသော Amino Acid, ဗီတာမင်စီ၊ ဗီတာမင်အေနှင့်ဘီ၊ Polysaccharides များ ပါဝင်ပါသည်။ လူ၏ကိုယ်ခံစွမ်းအား ကောင်းစေခြင်း၊ အူလမ်းကြောင်းရောဂါ ကာကွယ်ပေးခြင်း၊ သွားပိုးစားရောဂါ ကာကွယ်ပေးခြင်း၊ သွေးတိုးရောဂါကာကွယ်ခြင်း၊ သွေးအဆီကျ စေခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ဆီးချိုရောဂါကာကွယ်ပေးခြင်း စသည့် ကောင်းကျိုးများ ရရှိပါသည်။**

လက်ဖက်အသားကို ပြုပြင်ပြီး စားကြပါသည်။ လက်ဖက်ကို ဆီ၊ ငရုတ်သီး၊ အချဉ်ထည့်၍နှပ်ပါသည်။ ဆီပါသည့်အတွက် ကယ်လိုရီရရှိပြီး လက်ဖက်တွင်ပါသည့် ဗီတာမင်အီးနှင့်ကေကို အူမှစုပ်ယူရန် ဆီမှအထောက်အကူပြုပါသည်။ ပဲကြော်၊ မြေပဲကြော်များမှ ပရိုတင်းဓာတ်များ ရရှိသည့်အပြင် ခရမ်းချဉ်သီးအစိမ်း၊ ကြက်သွန်ဖြူ စသည်တို့ကို နှစ်သက်သလို ထည့်စားကြသဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များစွာကို လက်ဖက်သုပ်မှ ရရှိနိုင်ပါသည်။

လက်ဖက်ဆေးဆိုးခြင်း

လက်ဖက်အပင်မှ အရွက်များသည် ခူးဆွတ်ပြီး အရှိအတိုင်းထားလျှင် လျှင်မြန်စွာ အရောင်မည်းသွားတတ်သဖြင့် အရွက်ကိုပေါင်းခြင်းဖြင့် အရောင်မည်းသွားခြင်းကို တားဆီးကြပါသည်။ ပေါင်းပြီးလက်ဖက်များကို မြေတွင်းထဲတွင် ဖိ၍နှပ်ထားကြပါသည်။ ၄င်းနောက် ရောင်းချခြင်းမပြုမီ အချို့လက်ဖက်များကို ဆေးဆိုးကြပါသည်။ အရည်အသွေးကောင်းသော လက်ဖက်များနှင့် ခွဲခြား၍မရစေရန်၊ ဈေးကောင်းရရှိစေရန်အတွက် ဆေးဆိုးခြင်းဖြစ်နိုင်ပါသည်။ မြို့ကြီးများရှိ ပွဲရုံသို့ ရောက်ရှိလျှင်လည်း ဆေးဆိုးမှုများရှိကြောင်း သိရှိရပါသည်။ လက်ဖက်များ အမြင်လှပစေရန်ဆိုးသော အဝါရောင်Auramine O ဆိုးဆေးဖြင့် အရောင်တင်ခြင်းသည် လက်ဖက်လုပ်ငန်းတွင် အလေ့အထကဲ့သို့ ကျင့်သုံးနေကြပါသည်။ Auramine O ဆေးသုံးခြင်းသည် မည်းနေသည့်အရောင်

ဒေါက်တာ ကျော်လင်း
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန

ဖုံးကွယ်စေသည်မှလွဲ၍ အခြားမည်သည့် ကောင်းကျိုးမျှမရပါ။ ဆိုးကျိုးသာ ရရှိစေပါသည်။

Auramine O ဆိုးဆေး၏ဆိုးကျိုး

Auramine O ဆိုးဆေးသည် အစားအသောက်တွင် ထည့်သွင်းရသည့် ဆိုးဆေးလုံးဝမဟုတ်ပါ။ ဓာတုဆိုးဆေးဖြစ်ပြီး ချည်ထည်၊ ပိုးထည်၊ သိုးမွေး၊ သားရေစသည်တို့ကို အရောင်ဆိုးရာတွင် အသုံးပြုပါသည်။ စားသုံးသူများကို လတ်တလော အဆိပ်အတောက် မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ မျိုးရိုးဗီဇအဆိပ်အတောက်ရောဂါ၊ ကင်ဆာရောဂါတို့ကို ဖြစ်စေနိုင်သည့်အပြင် ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေနိုင်ကြောင်း သိရှိရပါသည်။

အရောင်ဆိုးလက်ဖက်ပမာဏ

လက်ဖက်များတွင် အရောင်ဆိုးဆေးပါဝင်မှု စစ်ဆေးရာတွင် ၂၀၀၉ခုနှစ် ဧပြီလဆန်းပိုင်းအထိ အမှတ်တံဆိပ်မျိုးစုံတွင်လည်းကောင်း၊ ပွဲရုံကြီး၊ ပွဲရုံသေး၊ ဈေးကြီး၊ ဈေးသေးများတွင်လည်းကောင်း၊ အစားအသောက်တွင် သုံးခွင့်မပြုသော အဝါရောင်ဆိုးဆေး Auramine O, သုံးခွင့်ပြုသော အဝါရောင်ဆိုးဆေး Tartrazine နှင့် အဝါရောင်နန္တင်းများ ဆိုးထားသည်ကို တွေ့ရှိရပါသည်။ ဆိုးဆေးဆိုးထားသော လက်ဖက်များနေရာအနှံ့၊ မြို့နယ်အနှံ့၊ ဆိုင်အနှံ့ ရှိနေသည့်အတွက် လက်ဖက်စားသုံးသူများသည် ဆိုးဆေးပါလက်ဖက်များကိုသာ ဝယ်ယူရရှိနေမည် ဖြစ်ပါသည်။ တံဆိပ်ရှိသောလက်ဖက်နှင့် လက်ဖက်လုပ်ငန်းများကိုသာ သတင်းစာတွင် ကြော်ငြာထားသည့်အတွက် တံဆိပ်မပါသည့် လက်ဖက်များတွင် ဆိုးဆေးမပါနိုင်ဟုယူဆပြီး လက်ဖက်အသားများကို ဝယ်ယူ စားနေကြသည်ကို တွေ့ရှိနေရပါသည်။ လက်ဖက်ရောင်းချသူ လက်လီဆိုင်များကလည်း ဆိုးဆေးဆိုးထားခြင်း ရှိ၊ မရှိ ခွဲခြားနိုင်ခြင်းမရှိပါ။ လက်ဖက်တွင် ဆိုးဆေးဆိုးထားခြင်း ရှိ၊ မရှိကို မျက်မြင်အရသော် လည်းကောင်း၊ အရည်ညှစ်၍ ညှစ်ရည်၏အရောင်ကို ကြည့်ရှု၍သော်လည်းကောင်း ခွဲခြားနိုင်ရန် ခက်ခဲပါသည်။ လက်ဖက်အသားကို ရေစင်စင်ဆေး ရေသုံး-လေးကြိမ် ညှစ်သော်လည်း ဆိုးဆေးများ ကုန်အောင်ဖယ်ထုတ်၍ မရနိုင်ပါ။ လက်ဖက်အသားအတွင်း စွဲနေပြီးဖြစ်ပါသည်။

အစားအသောက်တွင် အရောင်ရှိ၊မရှိ စမ်းသပ်ခြင်း

အစားအသောက်ဓာတ်ခွဲခန်းတွင် အစားအသောက်၌ အရောင်ရှိ၊မရှိ ပုံမှန်ဓာတ်ခွဲ စစ်ဆေးရာတွင် နမူနာတစ်ခုအဖြေရရှိရန် ၄နာရီကြာပါသည်။ ကျွမ်းကျင်ဝန်ထမ်းများက ဓာတ်ခွဲစစ်ဆေးရပါသည်။ Rapid Test Kit (အလျင်အမြန်စမ်းသပ်သည့် ကိရိယာ)ဖြင့် ဓာတုဆိုးဆေး synthetic dye များကို စစ်ဆေးလျှင် ၁၀မိနစ်အတွင်း သိရှိနိုင်မည် ဖြစ်ပါသည်။

လက်ဖက်ဆေးဆိုးခြင်း လုံးဝပပျောက်ရေး

လက်ဖက်ဆေးဆိုးခြင်း လုံးဝပပျောက်ရေးသည် လက်ဖက်လုပ်ငန်းအတွက် အလွန်အရေးကြီးသော လုပ်ငန်းဖြစ်ပါသည်။ လက်ရှိဈေးကွက်တွင်ရှိသော လက်ဖက်များတွင် ဆိုးဆေးလုံးဝမပါရှိမှ ပြည်သူလူထု၏ ယုံကြည်စိတ်ချမှု ရရှိနိုင်ပါမည်။ လက်ဖက်ဆေးဆိုးခြင်း လုံးဝပပျောက်ရေးအတွက် အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။

- နှစ်စဉ်တန်ခူးလမှစ၍ လက်ဖက်ရွက်သစ်များ ခူးဆွတ်ကြပါသည်။ ရွက်သစ်များကို အရောင်လုံးဝဆိုးခြင်းမပြုရန် လိုအပ်ပါသည်။ လက်ဖက်စိုက်ပျိုး ထုတ်လုပ်သောဒေသများတွင် ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ကြီးကြပ်ခြင်း ဆောင်ရွက်သွားရန် လိုပါမည်။
- ယခင်က ဆေးဆိုးခဲ့သည့် လက်ဖက် လက်ကျန်များအားလုံး ဖော်ထုတ် ဖျက်ဆီးပစ်ရန်၊ အနယ်နယ်အရပ်ရပ်ဈေးကွက်အတွင်းသို့ မရောက်အောင် တားဆီးရန်လိုပါမည်။
- လက်ဖက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်သူများ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွက်ကဲရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုပါမည်။
- မိမိရောင်းချမည့် လက်ဖက်များကို ပုံမှန်စစ်ဆေးပြီးမှ ရောင်းချရန် လိုပါသည်။ ။

လက်ဖက်တွင် ဓာတုပစ္စည်း ၇၀၀ကျော် ပါဝင်သည့်အနက် ကျန်းမာရေးကို အထောက်အကူဖြစ်စေသော Amino Acid, ဗီတာမင်စီ၊ ဗီတာမင်အေနှင့်ဘီ၊ Polysaccharides များပါဝင်။ လူ၏ကိုယ်ခံစွမ်းအား ကောင်းစေခြင်း၊ အူလမ်းကြောင်းရောဂါ ကာကွယ်ပေးခြင်း၊ သွားပိုးစားရောဂါ ကာကွယ်ပေးခြင်း၊ သွေးတိုးရောဂါကာကွယ်ခြင်း၊ သွေးအဆီကျစေခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ဆီးချိုရောဂါကာကွယ်ပေးခြင်း စသည့်ကောင်းကျိုးများရရှိ။

နေရာကွက်ကျား ထစ်ချုန်းရွာနိုင်သောမိုးကြောင့် နွေစပါးအပါအဝင် သီးနှံများပျက်စီးလေလွင့်မှု မရှိစေရန်

နှိုးဆော်ချက်

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါ၍ ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး နွေစပါးများကို လေလွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် အောက်ပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်ပါသည်-

(၁) မိုးရွာသွန်းနေစဉ် လုံးဝစပါးမရိတ်သိမ်းပါနှင့်။

(၂) ရိတ်သိမ်းဆဲနွေစပါးများကို ကောက်ပြန့်များ မပြုလုပ်ဘဲ ကောက်လှိုင်းများအား မိုးရေလျှောပုံပါ။

(၃) ရိတ်သိမ်းပြီး ကောက်လှိုင်းများ ရွှေ့ပြောင်းရန် အချိန်မမီပါက ပလတ်စတစ် စသည့် အမိုးအကာများနှင့်ဖုံးအုပ်ထားပါ။

(၄) မိုးမိသည့် ကောက်ပြတ်များကို မိုးပြတ်လျှင် ပြတ်ချင်းနေလှန်းပါ။

(၅) တလင်းပျောက်စနစ်ဖြင့် စက်စွမ်းအားအသုံးပြုပြီး ရိတ်ခြွေအခြောက်ခံပါ။

(၆) တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော သီးနှံများ၊ စိုက်ခင်းများ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုမရှိအောင် ဂရုပြုစစ်ဆေးပြီး ကာကွယ်နှိမ်နင်းရန်လိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ရုံးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြကန်သာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို မတ် ၁၃ရက်က ကျင်းပရာ အခမ်းအနားတွင် တစ်နှစ်ပတ်လုံး စာအများဆုံးဖတ်နိုင်သူဆုကို မြို့နယ်ဦးစီးမှူး ဒေါ်အုန်းမြင့်က ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာစေအံ့ သန့်လေးသန့်

- အိမ်သာမသန့် ရေမသန့်
  လက်လည်းမသန့် အစာမသန့်
  ပျံ့နှံ့ရောဂါ ကူးစက်မှာ။
- တစ်ရက်နှစ်ရက် စဉ်ရက်ဆက်
  တစ်သက်တာတွေး ကျန်းမာရေး
  မနေ့းသုံးပါ သန့်အိမ်သာ။
- ကြည်လင်သန့်ရှင်း အမှိုက်ကင်း
  ပိုးမွှားကင်းစင် ရေသန့်လျှင်
  မြဲပင်မုချ ကျန်းမာကြ။
- လက်ကိုသန့်ရှင်း ဆေးကြောခြင်း
  ကင်းပရောဂါ လွန်ကျန်းမာ
  လိုက်နာကြစို့ လက်သန့်ဖို့။
- အစားအစာ မသန့်ပါလျှင်
  ရောဂါစိုင်ခဲ ဖြစ်မလွဲမို့
  စဉ်မြဲလိုက်နာ သန့်ဖို့ရာ
  ကျန်းမာစေမှု သတိပြု။
- အိမ်သာသန့်သန့် ရေသန့်သန့်
  လက်လည်းသန့်သန့် အစာလည်းသန့်
  ရှင်းသန့်ရောဂါ ကင်းစင်ကွာ
  ကျန်းမာချမ်းသာ ကိုယ်စိတ်နှစ်ဖြာ။ ။

ဒေါက်တာသန်းဦး

● ရှေ့ဖုံးမှ

ရေလွှမ်းမိုးမှု ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကြည့်မည်ဆိုလျှင် ပဲခူးတိုင်းသည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟု ထင်ထားရလောက်အောင် လူသိများ ထင်ရှားခဲ့သည်။

ဝင်ငွေရှင်

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်သည် စိုက်ပျိုးရေးတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးဖြစ်ထွန်းမှုကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ မိုးအခါတွင် မိုးစပါးကို အပြည့်အဝ စိုက်ပျိုးနိုင်သည့်အပြင် ဆောင်းအခါတွင်လည်း ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲလွမ်း၊ ဆောင်းနှမ်းနှင့် နေကြာတို့ကို မလွတ်တမ်းစိုက်ကြသေးသည်။ ထို့အပြင် ပီလောပီနံ၊ ကြံ၊ ကြက်ပေါင်စေး၊ နံ့စားပြောင်း၊ ငရုတ်တို့ကို စိုက်ပျိုးကြ၍ ကျေးလက်နေပြည်သူတို့ ဝင်ငွေရှင်နေကြသည်။

တည်ရှိ

သတင်းအဖွဲ့သည် ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ငွေအောင်တို့၏ စီစဉ်ပေးမှုဖြင့် ဘောနီရေလှောင်တမံကြီးသို့ မကြာမီက သွားရောက်လေ့လာခဲ့ကြသည်။ ဘောနီရေလှောင်တမံကြီးသည် ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီး မိုင်တိုင်(၇၆/၆)မှ အနောက်ဘက် ကိုးမိုင်ခန့်အကွာ ဘောနီရွာသစ်အနီးတွင် တည်ရှိသည်။

ဒိုက်ဦးမြို့နယ် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးငွေလှိုင်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု စခန်းတာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး ဦးစောဝင်းတို့က ဘောနီရေလှောင်တမံဆည်၏ ရေပေးဝေမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကို လိုက်လံရှင်းလင်းပြသစဉ်။ (မြန်မာ့အလင်း)

မိမိတို့သည် ဒိုက်ဦးမြို့ရှိ ဆည်မြောင်းဦးစီးရုံးမှ ဘောနီရေလှောင်တမံကြီးသို့ ဆိုင်ကယ်များဖြင့် ထွက်ခွာလာကြသည်။ ယင်းဆည်မြောင်းရုံးမှ ဦးစီးမှူး (မြို့ပြ) ဦးကျော်ဝင်း၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးငွေလှိုင်၊ ကတုတ်ဘုရားကြီးကျေးရွာ စခန်းတာဝန်ခံ လက်ထောက် ကြီးကြပ်ရေးမှူး ဦးစောဝင်းတို့သည် သတင်းအဖွဲ့အား ရှင်းပြရန်လိုက်ပါလာခဲ့သည်။ ထိုခရီးသည် သဲ၊ ဖုန်၊ ချိုင့်ခွက်များနှင့် ကျောက်ခဲတုံးကြီးများကြားမှ ဆိုင်ကယ်စီး၍ ဖြတ်ကျော်သွားခဲ့ရသည့် ခရီးကြမ်းပင်ဖြစ်သည်။ သို့သော်လည်း သတင်းအဖွဲ့သည် တပေါင်းလ၏ နေကိုမမှု၊ အန်တုကာ ဘောနီရေလှောင်တမံကြီးကို အရောက်လှမ်းခဲ့သည်။

မျက်စိတစ်ဆုံး

ဘောနီရေလှောင်တမံကြီးသို့မရောက်မီ ယင်းဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ခဲ့ကြသည့် ပျဉ်းမလွင်၊ ကတုတ်ရွာမ၊ ကတုတ်ဘုရားကြီးကျေးရွာများကို ဖြတ်သန်းသွားကြရသည်။ လမ်းတစ်လျှောက် မျက်စိတစ်ဆုံး စိမ်းစိုနေသော စပါးပင်များ အပင်ကျိုးကျမတတ် ဝင်းမှည့်စွာ သီးနေသော နွေစပါးစိုက်ခင်းများက တစ်မျှော်တစ်ခေါ်ပင်။ ဒေသခံတောင်သူများ၏ ကြိုးပမ်းမှုကြောင့် စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေသည်ကား နိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်တော့သည်။ သို့နှင့်ပင် မိမိသတင်းအဖွဲ့သည် ကတုတ်ရွာမကျေးရွာသို့ ရောက်ရှိခဲ့သည်။

ဒိုက်ဦးမြို့နယ် ဘောနီရေလှောင်တမံ ဆည်ရေထုတ်ပြွန်မှ ရေပို့လွှတ်ဖြန့်ဝေနေမှုကို တွေ့မြင်ရစဉ်။ (မြန်မာ့အလင်း)

မိမိတို့ သတင်းအဖွဲ့ ရောက်ရှိလာသည်နှင့် ကတုတ်ရွာမ ကျေးရွာဥက္ကဋ္ဌ ဦးကံညွန့်နှင့်အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးငွေလှိုင်က ''ဒိုက်ဦးမြို့နယ် အနေဖြင့် နွေစပါးဧက ၃၂၀၀၀ လျာထားရာ ၃၂၂၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးကြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲလွမ်းစသည့်ပဲမျိုးစုံ ၈၉၇၄၈ ဧက၊ ဆီထွက်သီးနှံ မြေပဲ၊ ဆောင်းနှမ်း၊ နွေနှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီထွက်သီးနှံ ၅၉၇၁၇ ဧက၊ အခြားစက်မှုသီးနှံ ခြံစည်းရိုးကြက်ဆူ၊ ကြက်ပေါင်စေး၊ ကြံ၊ ပီလောပီနံ၊ ထန်း ၁၈၆၆၄ ဧက၊ ငရုတ်၊ ငရုတ်ကောင်း၊ ဟင်းခတ်အမွှေးအကြိုင် ၆၇၉ ဧကတို့ကို ဒေသဆိုင်ရာ အာဏာပိုင် အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် အောင်မြင်စွာ စိုက်ပျိုးထားကြောင်းနှင့် ဘောနီရေလှောင်တမံ၏ ဆည်ရေဖြင့် နွေစပါးကို ကံကလေး ကျေးရွာအုပ်စု ၃၉၉ဧက၊ ကုက္ကိုင်းကျေးရွာအုပ်စု ဧက၃၅၀၊ ဘောနီကျေးရွာအုပ်စု ဧက ၁၆၅၀၊ ဗျိုင်းချယ်ကျေးရွာအုပ်စု ၁၀၃၆ ဧက၊ မအူတန်းကျေးရွာအုပ်စု ၃၀၉ ဧက၊ တမံကြီးကျေးရွာအုပ်စု ဧက ၁၁၇၀၊ ကတုတ်ရွာမ ၄၀၁ ဧက၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု ၂၃၂ ဧက၊ ပျဉ်းမလွင်ကျေးရွာအုပ်စု ၄၆၄ ဧက စုစုပေါင်း ၆၀၁၂ ဧက အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှုအပေါ် ရေပေးဝေမှုမှာ ဘောနီရေလှောင်တမံဆည်မှ ၆၀၁၂ ဧက၊ ဘိုင်းဒါးရေလှောင်တမံဆည်မှ ဧက၆၆၈၀၊ ပျဉ်ဆုံဆည် ဧက၄၀၀၊ ဘက်စုံမွေးမြူရေးကန်များမှ ဧက၂၀၊ ချောင်းပိတ် မြောင်းပိတ် ဧက ၁၈၅၀၀ ဖြစ်ပြီး စုစုပေါင်း နွေစပါး၃၂၂၀၆ဧက စိုက်ပျိုးခြင်းအပေါ် ရေကိုပူစရာမလိုဘဲ အလျှံပယ်ရရှိခဲ့မှုကြောင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း'' ရှင်းပြပါသည်။

ဖြစ်ထွန်းအောင်မြင်

သတင်းအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ရှေ့ဆက်၍ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများအနီး သွားရောက်လေ့လာခဲ့ရာ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု ပညာပေးစခန်း တာဝန်ခံ လက်ထောက် ကြီးကြပ်ရေးမှူး ဦးစောဝင်းက ''ဘောနီရေလှောင်တမံမှ ကတုတ်ရွာမကျေးရွာရှိ တပင်ရွှေထီးရေတံခါးသို့ ရေပေးဝေထားကြောင်း၊ ယင်းမှတစ်ဆင့် ကတုတ်ဘုရားကြီး ဥဒေါင်းစု၊ အမရ၊ ပုဏ္ဏိုင်ကျေးရွာများရှိ လယ်ယာမြေများသို့ စိုက်ပျိုးရေများ လုံလောက်စွာရရှိခဲ့၍ ယင်းကျေးရွာများတွင် နွေစပါး အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားကြောင်းနှင့် တစ်မြို့နယ်လုံး နွေစပါးစိုက်ပျိုးထားသည့် စပါးအမျိုးအစားများမှာလည်း ဆင်းသွယ်ရင်၊ သီးထပ်ရင်၊ ရတနာအောင်၊ မနောသုခ စပါးအမျိုးအစားများဖြစ်ကြောင်း၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စုတွင် နွေစပါးဧက ၃၀၀၀ကို တောင်သူ ၅၀၄ဦးတို့က စိုက်ပျိုးခဲ့ရာ သတင်းအဖွဲ့ မြင်တွေ့ရသည့် အတိုင်း ဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း'' ဖြည့်စွက်ရှင်းလင်းပြောပြသည်။

ရည်ရွယ်

သတင်းအဖွဲ့သည် နွေစပါးစိုက်ခင်းများမှတစ်ဆင့် ဘောနီရေလှောင်တမံသို့ ဆက်လက်ထွက်ခွာရာ နာရီဝက်မျှ စီးနင်းရုံဖြင့် ဘောနီရေလှောင်တမံဆည်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေသည်။ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးမှူး(မြို့ပြ) ဦးကျော်ဝင်းက ရှင်းပြသည်မှာ-

''ဘောနီ ရေလှောင်တမံဆည်ကြီးသည် နိုင်ငံတော်အစိုးရမှ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်းရှိ လယ်မြေဧကများကို ဆည်ရေပေးသွင်းကာ သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရန်နှင့် ဘောနီချောင်းအတွင်းသို့ သဲပို့ချမှုကြောင့် ရေကြီး၊ နစ်မြုပ်မှုဖြစ်ပေါ်ခြင်းများကို အထိုက်အလျောက် သက်သာစေနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေနဲ့ စစ်တောင်းမြစ်ဝှမ်း စီမံကိန်းအရ ဘောနီရေလှောင်တမံကြီးနှင့်အတူ ပျဉ်ပုံ၊ ကောလိယ၊ ဘိုင်းဒါး၊ ရဲနွယ် ရေလှောင်တမံတွေကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဒီဘောနီရေလှောင်တမံကြီးကို ၁၉၉၈-၁၉၉၉ ခုနှစ်မှာ ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ရေလှောင်တမံကြီး၏ အကျိုးကျေးဇူးကြောင့် ယခုအခါ မိုးစပါး အောင်ရေဧက ၄၀၀၀ ခန့်၊ နွေစပါးဧက ၆၀၀၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း'' ဖြင့် ဦးကျော်ဝင်းက ရှင်းပြသည်။

ဘောနီရေလှောင်တမံ၏ အမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအလျား ၈၁၅ ပေ ရှိသည်။ တမံအမြင့်မှာ ၈၅ ပေ ဖြစ်သည်။ ရေဆင်းဧရိယာမှာ စတုရန်းမိုင်ပေါင်း ၂၅ မိုင် ကျယ်ဝန်းသည်။ နှစ်စဉ်စီးဝင်ရေ ၄၆၃၇၂ ဧကပေရှိကြောင်း သိရသည်။ ကန်ရေပြည့် ရေလှောင်နိုင်သည့် ပမာဏမှာ ဧကပေ ၃၉၅၀၀ရှိပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၂၅၀၀ ဖြစ်။

ရေလှောင်တမံကြီး၏ အကျိုးကျေးဇူးကြောင့် ယခုအခါ မိုးစပါး အောင်ရေဧက ၄၀၀၀ ခန့်၊ နွေစပါးဧက ၆၀၀၀၊ စုစုပေါင်း စိုက်ပျိုးမြေဧက ၁၀၀၀၀ကို စိုက်ပျိုးရေပေးဝေလျက်ရှိ။

မြေသားတမံ

ဘောနီရေလှောင်တမံ၏ အမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအလျား ၈၁၅ပေ ရှိသည်။ တမံအမြင့်မှာ ၈၅ ပေ ဖြစ်သည်။ ရေဆင်းဧရိယာမှာ စတုရန်းမိုင်ပေါင်း၂၅မိုင်ကျယ်ဝန်းသည်။ နှစ်စဉ် စီးဝင်ရေ ၄၆၃၇၂ ဧကပေ ရှိကြောင်း သိရသည်။ ကန်ရေပြည့် ရေလှောင်နိုင်သည့် ပမာဏမှာ ဧကပေ ၃၉၅၀၀ရှိပြီး ကန်ရေသေရေလှောင် ပမာဏမှာ ဧကပေ ၂၅၀၀ ဖြစ်သည်။ ကန်ရေပြည့် ရေပြင်အကျယ် ဧရိယာ ဧက၁၄၀၀ ရှိသည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်၊ ရေထုတ်ပြွန် အလျား ၂၈၆ ပေဖြစ်သည်။ ရေပိုလွှဲကို ပေ၁၅၀အကျယ်အထိ ပြုလုပ်ထားသည်။

တိုးတက်ဖြစ်ထွန်း

သတင်းအဖွဲ့သည် ရှည်လျားလှသော တမံပေါ်သို့တက်လှမ်းကာ ကျယ်ပြောလှသည့် ဘောနီရေလှောင်တမံရေပြင်ကို တမေ့တမောကြည့်မိပါသည်။ ပင်လယ်ငယ်တမျှ ကျယ်ပြောသည့် ဘောနီရေလှောင်တမံသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၏ တိုးတက်ဖြစ်ထွန်းမှုတွင် အဘယ်မျှအရေးပါသည်ကို ပိုမိုသိရှိလာခဲ့သည်။

ရေအရင်းအမြစ်

ပဲခူးတိုင်းကို မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟု တင်စားခေါ်ဝေါ်ကြသည့်အလျောက် ထိုတင်စားချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်၏ နွေနှင့် မိုးစပါးစိုက်ပျိုးရေးအတွက် ဘောနီရေလှောင်တမံသည် အဓိက ရေအရင်းအမြစ်ဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီ ပဲခူးတိုင်းအတွက် အားကောင်း မောင်းသန် ဘောနီရေလှောင်တမံပင် ဖြစ်ပါသတည်း။ ။

(မြန်မာ့အလင်း)

ဒိုက်ဦးမြို့နယ် ဘောနီရေလှောင်တမံဆည်မှ ကတုတ်ရွာမကျေးရွာရှိ တပင်ရွှေထီး ရေတံခါးသို့ ရေပေးဝေထားမှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လှိုင်သာယာမြို့နယ် ရခိုင်ရိုးရာ သင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

လှိုင်သာယာမြို့နယ် ရွှေညောင်တုန်း လမ်းမကြီးပေါ် တံတားဖြူ မှတ်တိုင်အနီးတွင် ပဋ္ဌမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရိုးရာအစဉ်အလာမပျက် အကြိုနေ့တွင် နံ့သာသွေးပွဲ၊ ဘုရား ရေသပ္ပာယ်ပွဲ၊ စည်တော်ယိမ်း၊ ကျယင်ယိမ်း၊ ဆီမီးခွက် ယိမ်းများဖြင့် တင်ဆက်ဖျော်ဖြေကြမည်။

လောင်းလှေကြီးဖြင့် ရိုးရာမပျက် ရေကစားကြမည်ဖြစ်ရာ မည်သူမဆို လာရောက် ရေကစားနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လှိုင်သာယာမြို့နယ် ဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၈ရက် ညနေ ၅နာရီက အမှတ်(၆)ရပ်ကွက် ဖွံ့ဖြိုးအောင်အိမ်ရာ အနီးရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အမှတ် (၁၃)ရပ်ကွက် ဘော်လီဘောအသင်းနှင့် အမှတ် (၁၄)ရပ်ကွက် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ် (၁၃) ရပ်ကွက် အသင်းကို အမှတ် (၁၄)ရပ်ကွက် အသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပထမဆုရရှိသော အမှတ် (၁၄)ရပ်ကွက် ဘော်လီဘောအသင်းအား ပြိုင်ပွဲကျင်းပရေး ကော်မတီနာယက မြို့နယ် ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဆုဖလားနှင့် ငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူး ဦးအေးမြင့်က ဒုတိယဆုရရှိသော အမှတ် (၁၃)ရပ်ကွက် အသင်းအား ငွေကျပ် တစ်သိန်း ငါးသောင်းကို လည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၆) ရပ်ကွက် အသင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဒိုင်ချုပ် ဦးမြင့်ဋ္ဌေးက ငွေကျပ်တစ်သိန်း ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ဝ၉၇)

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မင်းဂျီကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရွာတွင်းကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး လှသန်းထွန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်နိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်၌ အသိပညာပေးဟောပြော အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

မိုင်းဖြတ် ဧပြီ ၉

မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင် ဦးဆောင်သော အဖွဲ့ဝင်များသည် မတ် ၂၄ရက် နံနက် ၁၁နာရီက ဆွပ်ပလောင်းကျေးရွာရှိ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က မျိုးဆက်ပွား ကျန်းမာရေးနှင့် သားဆက်ခြားနည်း လေးမျိုးအကြောင်းကိုလည်းကောင်း၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်က ယင်လုံအိမ်သာသုံးစွဲရေး၊ အိုင်အိုဒင်းဆားသုံးစွဲရေးနှင့် ငှက်ဖျားရောဂါအကြောင်းကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။

အခမဲ့

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားထုပ်များ ပေးဝေပြီး သက်ကြီးရွယ်အိုများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဆိုင်းလေကျေးရွာနေ အသက် (၁၀၂)နှစ်ရှိ အဘွားနားအယ်အား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ငွေ၊ အဝတ်အထည်နှင့် အာဟာရဓာတ်စာများ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

သစ်တောစိုက်ခင်းတည်ထောင်ရေးသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှကြီးမှူး၍ စံပြကျေးလက်အိမ်ရာသစ်တောစိုက်ခင်းထူထောင်ရေး ရက်တိုသင်တန်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃ရက် နံနက် ၉နာရီက ရန်ကုန်တိုင်းသစ်တောဦးစီးဌာနရုံး၌ကျင်းပရာ တိုင်းအတွင်းရှိ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးဌာနမှူးနှင့် သစ်တောဝန်ထမ်း စုစုပေါင်း ၅၆ဦးတို့ တက်ရောက်ကြသည်။

ပို့ချဆွေးနွေး

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးတို့က လက်တွေ့ဆောင်ရွက်ကြမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပို့ချဆွေးနွေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ညွှန်ကြားရေးမှူးက ဝန်ထမ်းများကို ကျေးရွာအလိုက် တာဝန်ပေးပြီး **‘ရှင်အောင်စိုက်၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း’** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

(မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၉

ရန်ကုန်မူးယစ်(အနောက်)အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၂၄ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ခန့်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကားမှတ်တိုင်၌ ကိုမျိုး(ခ)မျိုးကြည်အားရှာဖွေရာ ၄င်းကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးကြည်အား စစ်ကြောချက်အရ တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ရွှေကံ့ကော်လက်ဖက်ရည်ဆိုင်၌ စောင့်ဆိုင်းနေစဉ် မသိင်္ဂီနှင့် မောင်တိုက်အောင်တို့ ရောက်ရှိလာသဖြင့် ရှာဖွေရာ မသိင်္ဂီ ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၀ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါတရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုး

အစဉ်သတိပြု

10-4 (12).pmd 1 4/10/2009, 3:01 AM

မင်းတပ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်း

မင်းတပ် ဧပြီ ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မင်းတပ်)၏ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁၆)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁၁)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ် (၁၄)၊ ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ် (၁၀) အခြေခံရက်ကန်းသင်တန်းအမှတ်စဉ်(၇)နှင့် ကြိမ်ထိုးသင်တန်း အမှတ်(၂) သင်တန်းဆင်းပွဲကို မတ် ၂၀ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

ထူးချွန်

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများကို မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ဆုချီးမြှင့်ကြပြီး သင်တန်းဆင်းအောင်လက်မှတ်များကို နယ်လှည့် ဒေသဖွံ့ဖြိုးရေးကြီးကြပ်မှုကော်မတီရုံး ဦးစီးအရာရှိတို့က ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသူများတက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခရိုင်ချင်းဆက်လမ်း

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး (အင်/ယာ) ဦးကျော်စိုး ဇန်နဝါရီ ၂၆ရက်က ခရိုင်ချင်းဆက်လမ်းအမှတ်(၁) နတ်မောက်လမ်းအပိုင်း ကတ္တရာလမ်း ခင်းခြင်းပြီးစီးမှုနှင့် လမ်းများ ကောင်းမွန်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဝင်းဗိုလ်နှင့် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကံချွန်တို့က ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဂန့်ဂေါမြို့ အသောကလမ်း ကျောက်ချောလမ်းဖွင့်

ဂန့်ဂေါ ဧပြီ ၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သော မြို့မရပ်ကွက် အသောကလမ်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီက အဆိုပါလမ်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၆၅၀၀၀၀ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

မတ် ၂၈ရက်က အထက်မင်းလှမြို့ မထသကားကြီးဝင်းအတွင်း၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(သရက်) ခရိုင်ဦးစီးမှူး ဦးမြသောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ရုံး(သရက်)ခရိုင်ဦးစီးမှူး ဦးငွေးဝင်း၊ မင်းလှမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ပါဝင်သောအဖွဲ့က ယာဉ်လိုင်စင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်များ ပြည့်စုံမှုရှိ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိ မရှိနှင့် မီးသတ်ဘူး တပ်ဆင်ထားခြင်းရှိ မရှိတို့ကို စစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

မူခင်းကျဆင်းရေး ပုသိမ်၌ ဟောပြော

ပုသိမ် မတ် ၂၅

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ ဦးဆောင်မှု ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းလွင် ကြီးကြပ်၍ ပုသိမ်မြို့နယ်အတွင်း မှုခင်းကျဆင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပညာပေးဟောပြောပွဲကို မတ် ၁၆ ရက်က အမှတ်(၈)ရပ်ကွက် ဝေဠုဝန်ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ နယ်မြေမှူးများ၊ ရပ်ကွက်ပြည်သူများတက်ရောက်ကြပြီး ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းကြိုင် **(ဝဲပုံ)** ၊ ဒုတိယရဲမှူးမြင့်သောင်းတို့က မှုခင်းကျဆင်းရေးဆိုင်ရာ ပြစ်မှုများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မှုခင်းသတင်းထောက် ပုသိမ်လှကြည်က ဖြစ်ရပ်မှန်မှုခင်းများကို စိတ်ဝင်စားဖွယ် ဟောပြောခဲ့သည်။

(၁၅၇)

အရာတော်မြို့နယ် သလဲဘာကျေးရွာတွင် မူးမြစ်ကူး ရေနိမ့်တံတားဖွင့်ပွဲ ကျင်းပ

အရာတော် မတ် ၃၁

အရာတော်မြို့နယ် သလဲဘာကျေးရွာတွင် မူးမြစ်ကူးရေနိမ့်တံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မန္တလေးမြို့ အမရပူရ မဟာမြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော်က အလှူငွေကျပ်တစ်သိန်းခွဲကို ဆရာတော်၏ကိုယ်စား ဦးဇော်ဝင်းက ပေးအပ်လှူဒါန်းပြီး တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းက လက်ခံယူသည်။

အကုန်အကျခံ

ယင်းတံတားမှာ ဝက်လက်မြို့နယ် ကျောက်ကုန်းကျေးရွာနှင့် အရာတော်မြို့နယ် သလဲဘာကျေးရွာသို့ ဆက်သွယ်ထားသော တံတားဖြစ်ပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်သော တံတားဖြစ်၍ စုစုပေါင်းငွေကျပ် ၅၅သိန်းကျော်ဖြင့်အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ကျော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြရည်ပုလဲလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုးလာအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေသည့် ရခိုင်ပြည်နယ်က မြေပုံမြို့နယ်

ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း သောက်သုံးရေပေးဝေလျက်ရှိသော ရေဂါလန် ၂၆ သန်း သိုလှောင်နိုင်သည့် ကန်တော်ကြီး တစ်ဖက်ပိတ်ဆည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နက္ခတ်တာရာပြခန်း (နေပြည်တော်) မေ ၁၂ ရက်မှ ၁၆ ရက်အထိ ခေတ္တပိတ်ထားမည်

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ကို ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားရှိမည်

နေပြည်တော် မေ ၉

နေပြည်တော်၌ သစ်တောရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသော နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို မေ ၁ ရက်မှစတင်၍ တနင်္လာနေ့မှအပ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိရာ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း မေ ၁၂ ရက်မှ ၁၆ ရက်အထိ ပြခန်းကိုခေတ္တပိတ်ထားမည်ဖြစ်ပြီး မေ ၁၇ရက်မှစ၍ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)

သို့ရာတွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ပုံမှန် ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ္ဇကူစိုးဝင်း
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

မြေပုံ မေ ၉ (ဖက်စ်)

ရခိုင်ပြည်နယ် စစ်တွေခရိုင် မြေပုံမြို့သို့ သတင်းခရီးသည် ရောက်ရှိနေစဉ်အတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေပုံမြို့သာယာလှပရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ငါး၊ ပုစွန် လှိုင်လှိုင်ပေါကာ ရေလုပ်ငန်းအောင်မြင်မှု၊ ရေလုပ်သားတို့ဘဝ တိုးတက်လာမှုများကို ပြောပြခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ပင်လယ်သမုဒ္ဒရာရေထုအတွင်းမှ ဟိုက်ဒရိုဂျင်စွမ်းအင် ထုတ်ယူမည်

သတင်းမှတ်စု - မိုးမြင့်လင်းလက်

ရေတွင်ပါဝင်သော ဟိုက်ဒရိုဂျင်ကို ရယူကာ စွမ်းအင်အဖြစ် ပြောင်းလဲ အသုံးပြုရေးအတွက် သုတေသနပညာရှင်များက ကြိုးစားနေကြပြီဖြစ်သည်။

စွမ်းအင်

ပင်လယ်သမုဒ္ဒရာများတွင် နေရောင်ခြည်၏ စွမ်းအင်ဖြင့် ရေထုအတွင်းမှ ဟိုက်ဒရိုဂျင်ကို သီးခြားခွဲ

စာမျက်နှာ ၃ ကော်လံ ၁ ■

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် မေ ၉

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

မေ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ သတင်းစဉ်